http://www.dhammadownload.com

# အိမ်တွင်းမင်္ဂလာ လူ့ကျင့်စဉ်

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက

(ယော)ဆရာတော်

[ဒုတိယအကြိမ်]

အိမ်တွင်းမင်္ဂလာ လူ့ကျင့်စဉ် ▢ တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက (ယော)ဆရာတော်


# အိမ်တွင်းမင်္ဂလာ လူ့ကျင့်စဉ်

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက

(ယော)ဆရာတော်

[ဒုတိယအကြိမ်]

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

# အဘိဓမ္မာ ပထမ နှင့် ဒုတိယ သင်္ဂြိုဟ်

(ဒုတိယအကြိမ်)

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော)ဆရာတော်

F. 1A

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၂၇၀ / ၂၀၀၂ (၅)

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၈၆ / ၂၀၀၂ (၁၁)

◆ ထုတ်ဝေခြင်း

ဒုတိယအကြိမ်၊ အုပ်ရေ-၁၀၀၀

တန်ဖိုး - ၇၀၀ ကျပ်

◆ ထုတ်ဝေသည့်ကာလ

၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ

◆ အတွင်းသားပုံနှိပ်

ဦးကျော်ဖင် (၀၄၂၂၉) နိုင်ရည်မွန်ပုံနှိပ်တိုက်

အမှတ် - ၈၁၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်

အမှတ်(၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း (၀၉၃၂)၊ (ရဲဘော်ကျော်ဆန်း)

ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊

ပုသိမ်ညွှန့်၊ ရန်ကုန်မြို့။

သီရိစိစဉ်သည်

F. 1B

http://www.dhammadownload.com

# ပြည်လုံးကျွတ်ဖြန့်ချိရေး

## ရွှေစန္ဒာထွန်းစာပေ

အမှတ်-၄၆၊ (မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
☎ ၀၁-၂၄၃၈၇၀

http://www.dhammadownload.com

လူတွေဟာ...

ရုပ်ကျန်းမာဖို့ကျတော့

တော်တော်လေးကြိုးစားကြပါတယ်၊

အားကစားတွေ၊ လှုပ်ရှားမှုတွေ၊

လမ်းလျှောက်မှုတွေ စသည်ဖြင့်

အမျိုးမျိုးလုပ်ကြပါတယ်၊

ဆေးဝါးဓာတ်စာတွေလဲ

စားသုံးကြတယ်၊

စိတ်ကျန်းမာရေးအတွက်ကျတော့

အကွက်မစေ့တာ အများကြီးပဲ။

(ယော)ဆရာတော်

http://www.dhammadownload.com

# မာတိကာ

## အိမ်တွင်းမဂ္ဂင် လူ့ကျင့်စဉ်

ဘဝတစ်ခုရခိုက်မှာ ... ၃
စိတ်ချမ်းသာအောင်နေနိုင်ဖို့ ... ၅
အလှူဆင်နိုင်ရမယ် ... ၇
ဘဝကူးစိတ်အေးကြရအောင် ... ၉
သဒ္ဓါတရားသည် ကုသိုလ်ဝင်ရာ
တံခါးပေါက် ... ၁၁
သဒ္ဓါတရားရဲ့အာမခံချက်များ ... ၁၃
စိတ်ကျန်းမာရေးလေ့ကျင့်ပေး ... ၁၅
စိတ်မကျန်းမာလျှင် ... ၁၇
သဒ္ဓါတရားရှိလျှင် (သို့)
စိတ်ကျန်းမာလျှင် ... ၁၉
မျောနေ, မြုပ်နေတာ ... ၂၁
ကြိုးချည်ခံရသည့်စိတ်ကို
ကြိုးဖြတ်လိုပါလျှင် ... ၂၃
သတိတရားအားကောင်းမှ ... ၂၅
မတော်တဆမှန်သမျှသည်
အရူးစိတ်ကြောင့် ... ၂၇
တရားပျောက်တာ ပြန်ရှာလို့မရနိုင်ဘူး... ၂၉

http://www.dhammadownload.com

မီးဖိုချောင်တရားစခန်း ... ၃၁
တရားအဝတ်မပါရင် ... ၃၄
မဂ္ဂင်ယန္တရားတပ်ဆင်လိုက်တာ ... ၃၆
ဝိပဿနာဉာဏ်တွေရင့်လို့ ... ၃၉
ဘဝသံသရာရဲ့ကမ်း(၃)ခု ... ၄၁
လှိုင်းထတာ, လှိုင်းပုတ်တာ ... ၄၃
လောကခံလှိုင်းတွေ
နောက်ပြန်ဆုတ်သွားတယ် ... ၄၅
တရားနဲ့နှုတ်မှ ဒုက္ခလျော့မယ် ... ၄၇
အလုပ်များတယ်, မမောဘူး ... ၄၉
ဒုက္ခလွန်မြောက်အောင်ရှန်းပါ ... ၅၁
ဉာဏ်မျက်လုံးနဲ့တွေ့တာမဟုတ်ရင် ... ၅၃
ချမ်းသာတာနဲ့ ရှိတာတခြားစီ ... ၅၅
သုံးမလား, ဖြုန်းမလား,
နိပ်စက်ခံမလား ... ၅၇
အသက်ကယ်ဆေးဖြစ်ရလေအောင် ... ၅၉
သတိသည် ပင်မခလုတ် ... ၆၁
ခေါင်းတွဲလဲကောင်းမှ, ဘီးလဲကောင်းမှ ... ၆၇
တရား(၄)ပါးပျောက်သွားတော့ ... ၆၉
သာသနာက အမှန်သာသနာ ... ၇၁

http://www.dhammadownload.com

# ကောင်းရာကိုရောက် သချာပေါက်


စိတ်ကလေးကိုနေရာချပေးတာ ... ၇၇
တရားစွမ်းအားကုန်ချောတွေ
ဖော်ထုတ်ကြစို့ ... ၇၉
အကြောင်းတရားအကောင်းစားနှင့်
ပြည့်စုံသည့်ပုဂ္ဂိုလ် ... ၈၁
အကြောင်းတရား(၄)ပါး ... ၈၃
ဗဟုသုတောဟောတိဆိုတာ ... ၈၇
ရတနာမြေသည် မြန်မာမြေ ... ၈၉
သတ္တဝါတွေနှလုံးသားကိုအလှဆင်ဖို့ ... ၉၁
တရားနှင့်နှလုံးသားထိတွေ့ခွင့်ရသူများ ... ၉၃
သာသနာအခိုင်မာဆုံးသည်မြန်မာပြည် ... ၉၅
လမ်းတိုပရိယတ်ဟူသည် ... ၉၉
လမ်းရှည်ပရိယတ်ဟူသည် ... ၁၀၁
ဗူးတောင်းတစ်လုံးနှင့်မြစ်ကိုကူးသူ ... ၁၀၃
လှေသမ္ဗာန်နှင့်ကူးသူ ... ၁၀၅
နှစ်ထပ်,သုံးထပ်သင်္ဘောကြီးနှင့်ကူးသူ ... ၁၀၇
ရောက်တော့ရောက်နိုင်တယ်
သူတစ်ယာက်ထဲရောက်မယ် ... ၁၀၉
မောတော့မောတာပေါ့၊ ဒါပေမယ့်
မမောဘူး ... ၁၁၁

http://www.dhammadownload.com

မိစ္ဆာဒိဋ္ဌိရေတွေဝင်မှာပူဖို့မလိုဘူး ... ၁၁၃
ပရိယတ္တိသာသနာမြေပုံကားချပ်
ရှိနေလို့ ... ၁၁၅
နိဗ္ဗာန်ရောက်ဖူးလို့လား ... ၁၁၇
သုဂတိဘုံကိုရောက်ဖို့သေချာတယ် ... ၁၁၉
အရိပ်ကောင်းကောင်းခိုလို့ရတယ် ... ၁၂၁
ဓမ္မဂုဏ်ကိုအာရုံပြု၍ ... ၁၂၃
ပရိယတ္တိဆိုတာ
ဉာဏ်မျက်လုံးတပ်ပေးတာ ... ၁၂၇
အသိစိတ်နဲ့တရား
ထိတွေ့ခွင့်မရသေးရင် ... ၁၃၁
တရားနဲ့ကျေးဇူးဆပ်တာအမြတ်ဆုံး ... ၁၃၃
သေချိန်လေးကောရှိသေးရဲ့လား ... ၁၃၅
သိတင်းကျွတ်လပြည့်နေ့ရောက်တိုင်း
ငိုလိုက်ရတာ ... ၁၃၉
ငိုလို့သာမက်ဖိုလ်ရမယ်ဆိုရင် ... ၁၄၃
သတိပါမှ ဝီရိယက
သမာဓိဖော်ထုတ်နိုင်တယ် ... ၁၄၅
တကယ်လက်တွေ့အားထုတ်ရင် ... ၁၄၇

http://www.dhammadownload.com

# အိမ်တွင်းမင်္ဂလာ, လူ့ကျင့်စဉ်

တိပိဋကဓရ–ဓမ္မဘဏ္ဍာဂါရိက
(ယော) ဆရာတော်

*[ သာသနာတော်နှစ် ၂၅၄၂–ခု၊ ကောဇာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀–ရက်၊ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်၊ မာဃလမ်း မွှေးရုံကြီး အတွင်း၌ ပရိသတ်အပေါင်း သူတော်ကောင်းတို့အတွက် ဓမ္မဒါန, ဓမ္မလက်ဆောင်အဖြစ်ဖြင့်၊ အမှတ်ရဘွယ်အဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်။ ]*

ဘဝကလေးတစ်ခုရခိုက် အလေအလွင့်မရှိ၊ ဖြုန်းတီးမှုမပါ၊ တိကနဲ့ရှင်းကနဲ့နေအောင်၊ အချိန်

http://www.dhammadownload.com



လဲ မီအောင်၊ စွမ်းအားလဲပြည့်အောင် အသုံးချတတ်၊ အသုံးချနိုင်ဖို့ဟာ အရေးအကြီးဆုံးပဲ။

တစ်ရက် တရားအသိလေးရသွားရင် တစ်ရက် လက်ဦးသွားတာပေါ့၊ တစ်ရက် တရားအသိနောက်ကျသွားတော့ တစ်ရက်လစ်ဟင်းသွားတာပေါ့၊ ဒါကြောင့် သာသနာနဲ့တွေ့ကြုံခိုက်လေးမှာ ဘဝကို အဖိုးတန်အောင်အသုံးချနိုင်ဖို့ဟာ အရေးအကြီးဆုံး၊ ဒါကြောင့် အိမ်တွင်းမင်္ဂလ လူ့ကျင့်စဉ်တရားဟာ ဘဝမှာ အသုံးတည့်တယ်။

သဒ္ဓါယတရတိ ဩဃံ အပ္ပမာဒေန အဏ္ဏဝံ
ဝီရိယေန ဒုက္ခ မစ္စေတိ ပညာယပရိသုဇ္ဈတိ

သဒ္ဓါယ–ယုံကြည်လက်ခံ၊ ထက်သန်ထူးခြား၊ သဒ္ဓါတရားဖြင့်၊ ဩဃံ–အောက်ကို ဆွဲချ၊ နှစ်မြုပ်ကြသည့်၊ ဩဃလေးခန်း၊ ရေပြင်ကြမ်းကြီးကို၊ တရတိ–ကောင်းစွာမသွေ၊ ကူးမြောက်နိုင်ပါပေ၏။

အပ္ပမာဒေန–မမေ့မလျော့၊ မပေါ့မတန်၊ ထက်သန်ထူးခြား၊ အပ္ပမာဒ သတိတရားဖြင့် အဏ္ဏဝံ–ကမ်းလည်းမမြင်၊ လမ်းမမြင်ရ၊ ကျယ်ဝန်းလှသည့် ဘဝပင်လယ် မြစ်ပြင်ကျယ်ကြီးကို၊

http://www.dhammadownload.com



တရုတိ–ကောင်းစွာမသွေ၊ ကူးမြောက်နိုင်ပါပေ၏။

ဝီရိယေန–ကိုယ်ပိုင် အလုပ်၊ နောက်မဆုတ်ပဲ၊ အားထုတ်ကြိုး ပမ်း၊ လုံ့လစွမ်းဖြင့်၊ ဒုက္ခ–အိုနာသေမှု၊ ဆင်းရဲစုကို၊ မစ္စတိ–ကောင်းစွာမသွေ၊ လွန်မြောက်နိုင်ပါပေ၏။

ပညာယ–ဟိုတွေးသည်တွေး၊ ကင်းစင်ဝေး၍ အတွေးမှန်ကန်၊ အသိဉာဏ်ဆိုတဲ့ ပညာတရားဖြင့်၊ ပရိသုဇ္ဈတိ–အိမ်တွင်းမဂ္ဂင်၊ လူ့ကျင့်စဉ်ဟု၊ အမြင်ထူးကာ၊ကောင်းစွာမသွေ သန့်ရှင်းရပါပေသတည်း။

* * *

## ဘဝတစ်ခုရနိုက်မှာ

ပိုက်ဆံတစ်ပြားမှမကုန်ပဲ၊ အချိန်ကို လုံးဝ မပေးပဲ နေ့စဉ်စိတ်ချမ်းသာစွာဖြင့် ကိုယ်ပိုင်တရားတွေ စုသွားဖို့ပြတဲ့ တရားယန္တရား (၄)ချက်ပါ၊ ဘယ်နှစ်ခါဟောလို့မှ ရိုးသွားတယ်လို့မရှိ၊ ဘယ်

http://www.dhammadownload.com



နှစ်ခါနာလို့မှ ရိုးသွားတယ်၊ ဟောင်းသွားတယ်လို့ မရှိ၊ ကျင့်စဉ်လမ်းကြောင်းက ဒါပဲရှိတာပဲ၊ ဒုက္ခအပူထွက်ပေါက်က ဒါပဲရှိတာပဲ။

ဘဝတစ်ခုလေးရခိုက်မှာ...

(၁) ပစ္စုပ္ပန်မှာ ဘယ်အာရုံနဲ့တွေ့တွေ့ တွေ့သမျှအာရုံနဲ့ အဆင်ပြေအောင်၊ တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာနေတတ်၊ နေနိုင်ရမယ်။

ပျော်ရွှင်စွာဆိုတာ လောဘနဲ့ ပျော်တာကို ပြောတာမဟုတ်ပါ၊ သဒ္ဓါပီတိနဲ့၊ တရားစွမ်းအားနဲ့ပျော်နိုင်တာကို ပြောတာ၊ အာရုံနဲ့စိတ် အဆင်ပြေအောင်နေတတ်ဖို့ဟာ အရေးအကြီးဆုံးပဲ၊ အာရုံနဲ့စိတ်အဆင်မပြေလို့ ဆင်းရဲကြရ၊ ပူလောင်ကြရ၊ စွမ်းအားတွေ ဆုံးရှုံးကြရတယ်။

(၂) မိမိရဲ့ကိုယ်အား ဉာဏ်အား ပစ္စည်းအားဖြင့် မိမိ သူ့တစ်ပါး၊ လောက,သာသနာ စွမ်းနိုင်ရာဘက်မှာ လှုပတင့်တယ် ထည်ဝါခန့်ညားကျက်သရေရှိအောင် အလှတန်ဆာဆင်ပေးနိုင်ရမယ်၊ ကောင်းကျိုးပြုဘဝ မှတ်တိုင်စိုက်ထူနိုင်ရမယ်၊ နာမည်ကောင်း ကျန်ရစ်ရမယ်။

http://www.dhammadownload.com



(၃) အဝိဇ္ဇာ၊ တဏှာ သံသရာကြိုး နှစ်ချောင်း မပြတ်သေးဘူးဆိုရင် သံသရာဆိုတာ ဆက်ကြရဦးမယ်၊ ဘဝဆိုတာ ကူးပြောင်းကြရဦးမယ်၊ ဘဝသံသရာခရီးမှာ ဘဝကူးပြောင်းတဲ့အခါ ဘဝကူးစိတ်အေးဖို့၊ ကိုယ်ပိုင်ဖြစ်တဲ့တရားတွေကိုကြိုတင်ပြီးတော့ အကွက်စေ့နေအောင် ဖြည့်ကျင့်ကြိုးစား စုဆောင်းလေ့ကျင့်ထားကြရမယ်။

အဲဒီ(၃)ခု ပြည့်စုံမှ ငါတော့လူဖြစ်ကျိုးနပ်ပြီလို့ ကြုံးဝါးရဲကြပါတယ်၊ အဲဒီ(၃)ခုမစုံရင် လူ့စွမ်းအားစုံတယ်လို့ မဆိုနိုင်သေးပါဘူး။

* * *

## စိတ်ချမ်းသာအောင်နေနိုင်ဖို့

* ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊
တရားဆောင်၊ အမှောင်ကင်းရမည်၊

ပုထုဇဉ်တွေသွားတဲ့လမ်းကြောင်းကြီးက အမှောင်လမ်းကြောင်းကြီးပဲဗျာ၊ အဝိဇ္ဇာ၊ တဏှာနဲ့ သွားနေကြတာ၊ ခုနပြောတဲ့ တရားယန္တရား (၄)

http://www.dhammadownload.com



ချက်ဆိုတာ အဲဒီအမှောင်တွေ ကင်းသွားအောင် ရှင်ပေးနိုင်တဲ့ စွမ်းအားဖြစ်တယ်။

*** ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊ တရားဆောင်၊ အမှောင်ကင်းရမည်၊**

စိတ်ချမ်းသာစရာတွေ့ကာမှ စိတ်ချမ်းသာအောင်နေကြမယ်ဆိုရင် ဘယ်နေ့စိတ်ချမ်းသာစရာတွေ့မှာတဲ့လဲ။

မိမိမှာ ရတနာသုံးပါးရှိနေပြီးသားပဲ၊ သာသနာ ရှိနေပြီးသားပဲ၊ သာသနာရတနာကြောပေါ် ရောက်နေပြီပဲ၊ ဘဝခန္ဓာအခက်အခဲမျိုးစုံတွေ ဖြေရှင်းပေးနိုင်တဲ့ ကမ္ဘာ့အံ့ဖွယ်ရတနာနဲ့ တွေ့နေပြီဆိုတော့ ဘာမှ လည်တမော့မော့မျှော်ပြီး အချိန်ဖြုန်းနေဖို့မလိုဘူး၊ ဖြစ်တဲ့နည်းနဲ့ ပစ္စုပ္ပန်မှာ စွမ်းအားရအောင်ယူပြီးတော့ စိတ်ချမ်းသာအောင်နေနိုင်ဖို့ အရေးကြီးတယ်။

* * *

http://www.dhammadownload.com

# အလှဆင်နိုင်ရမယ်

- **ကိုယ်အား ဉာဏ်အား၊ ပစ္စည်းအား၊ အများလှအောင်ဆင်ရမည်၊**

လောက အချို့ အချို့ပုဂ္ဂိုလ်တွေလက်ထဲကို ပစ္စည်းဉစ္စာတွေရောက်သွားတော့ ကိုယ့်ကိုလဲ ဒုက္ခပေးကြတယ်၊ အများကိုလဲဒုက္ခပေးကြတယ်၊ လက်ထဲပစ္စည်းလေးများရောက်လာရင် "ငါ့ ဘာမှတ်တုံး" လုပ်လာတာ။

တရားစွမ်းအားနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကျတော့ ကိုယ့်လက်ထဲကို ပစ္စည်းဉစ္စာရောက်လာတဲ့ အခါမှာ "ဪ-ဒီပစ္စည်းလေးနဲ့ ငါ့ကိုယ်ငါ ဘယ်လောက်တရားစွမ်းအားနဲ့ အလှဆင်ရကောင်းမလဲ၊ ငါ့မိသားစုကို တရားစွမ်းအားလေးနဲ့ အလှဆင်ပေးမှ တော်လိမ့်မယ်၊ လောက, သာသနာ

http://www.dhammadownload.com



စွမ်းနိုင်ရာဘက်မှာ တရားစွမ်းအားလေးတွေနဲ့ အလှူဆင်နိုင်မှ တော်လိမ့်မယ်”လို့ အလှူဆင်ဖို့ပဲ စဉ်းစားတယ်၊ ကုန်သွားတဲ့အထဲက မကုန်တဲ့တရား ကျန်အောင် အနှစ်ထုတ်ဖို့ပဲ စဉ်းစားတတ်တယ်။

ဒါကြောင့် ကိုယ့်မှာရှိနေတဲ့ကိုယ်အားရယ်၊ ကိုယ်မှာရှိနေတဲ့ ဉာဏ်အားရယ်၊ ကိုယ့်လက်ထဲ ရောက်နေတဲ့ ပစ္စည်းအားရယ်ဆိုတဲ့ အင်အား(၃) ခုဖြင့် မိမိကိုရော၊ မိသားစုကိုရော၊ ရပ်ကွက်၊ မြို့ရွာ၊ နိုင်ငံကိုရော၊ လောကကိုရော၊ သာသနာ ကိုရော အလှူဆင်ပေးရမယ်၊ အလှူဆင်နိုင်ရမယ်။

* * *

http://www.dhammadownload.com

# ဘဝကူးစိတ်အေးကြရအောင်

* ဘဝကူးရေး၊ အပူဝေး၊ စိတ်အေးနိုင်ရမည်၊

ဘဝကူးအတွက် စိတ်အေးကြရမယ်၊ ဘဝ တစ်ခုနဲ့တစ်ခုကူးဖို့ကလဲ တော်တော်ခက်ခဲတယ်ဗျာ၊ အခက်အခဲကလဲ အင်မတန်ကြီးတယ်ဗျာ၊ အဝိဇ္ဇာ၊ တဏှာနဲ့သွားရတာဆိုတော့ သံသရာမှာ ခလုတ် တိုက် ချော်လဲစရာကြီးက (၄)ခုရှိတယ်ဗျာ။

ဖြစ်,အို,နာ,သေဆိုတဲ့ ခလုတ်တိုက်စရာက (၄)ခုရှိတယ်၊ လောဘ, ဒေါသ, မောဟဆိုတဲ့ ရူးစရာဆူးကြီးက (၃)ချောင်းရှိတယ်၊ အဝိဇ္ဇာ၊ တဏှာဆိုတဲ့ မိစရာ၊ ငြိစရာ ညွှတ်ကွင်းကြီးကလဲ (၂)ခုရှိတယ်၊ အဲဒီထဲဝင်သွားပြီး ငြိကြ၊ ခလုတ် တိုက်ကြလို့ ဘဝကူးပြဿနာ တော်တော်ခက်ခဲ ကြပါတယ်။

ကိုယ်ပိုင်တရားစွမ်းအားလေးတွေကို ကြိုတင် ပြီး စုဆောင်းထားကြမှ ဘဝကူးစိတ်အေးကြရမှာ၊

http://www.dhammadownload.com



သာသနာရတနာကြောကြီးနဲ့တွေ့ခိုက် ကိုယ်ပိုင် တရားတွေ၊ စိတ်အေးစရာတွေ ယူကြရမယ်။

ဒီဘဝနဲ့ နောက်ဘဝကူးဖို့အသာထား၊ နိဗ္ဗာန် အရောက် သံသရာတစ်လျှောက် စိတ်အေးရအောင် အကုန်လုံးအကျွတ်စေ့အောင် ကံ, ထိန်း,ခလုတ်, အသိဉာဏ်တပ်ဆင်ပြီးတော့ ကြိုးစားအားထုတ်ကြ ရမှာပါ။

* ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊ တရားဆောင်၊ အမှောင်ကင်းရမည်၊
* ကိုယ်အားဉာဏ်အား၊ ပစ္စည်းအား၊ အများလှအောင်ဆင်ရမည်၊
* ဘဝကူးရေး၊ အပူဝေး၊ စိတ်အေးနိုင်ရမည်၊
* တရား(၃)ပါး၊ လူ့စွမ်းအား၊ ခန့်ညားထည်ဝါသည်၊

ဒါကြောင့် ပညာယ-ဟိုတွေးသည်တွေး၊ ကင်းစင်ဝေး၍၊ အတွေးမှန်ကန်၊ အသိဉာဏ်ဆိုတဲ့ ပညာတရားဖြင့်၊ ပရိသုဒ္ဓတိ-အိမ်တွင်းမင်္ဂလ် လို့ ကျင့်စဉ်ဟု၊ အမြင်ထူးကာ ကောင်းစွာမသွေ၊ သန့်ရှင်းရပါပေသတည်း။

* * *

http://www.dhammadownload.com

# သဒ္ဓါတရားသည်
# ကုသိုလ်ဝင်ရာတံခါးပေါက်

ဘဝကောင်းလေးတစ်ခု ရပါမယ့်အကြောင်း အတိတ်ကစိတ်ကောင်းတွေ၊ ကံကောင်းတွေ အများကြီး အရင်းအနှီးစိုက်ထုတ်ခဲ့ကြရပါတယ်။

အဲသလို အရင်းအနှီးမြောက်မြားစွာ စိုက်ထုတ်လို့ရလာသော ဘဝကောင်းတစ်ခု ဆူးညောင့်ခလုတ်တွေကြောင့် နောက်ပြန်ဆုတ်ရတာမျိုး၊ အောက်ကိုချော်ကျတာမျိုး၊ လိမ့်ကျတာမျိုး အဲဒါမျိုးမဖြစ်ရအောင် ခုနပြောတဲ့ တရားယန္တရား လေးချက်ကို အစွမ်းကုန်သုံးပြီး သွားကြရမှာဗျ။

တရားယန္တရား(၄)ချက်က သဒ္ဓါယတရတိသြဃ်၊

http://www.dhammadownload.com



သဒ္ဓါတရားဆိုတာ ကုသိုလ်တွေရဲ့ဝင်ပေါက်၊ တံခါးပေါက်ပါ၊ ကုသိုလ်အားလုံးရဲ့ဝင်ရောက်ရာ တံခါးပေါက်သည် သဒ္ဓါတရား။

ကုသိုလ်သည် တန်ခိုးပါပဲ၊ လိုတာအကုန် ပေးနိုင်သော တန်ခိုးစွမ်းအားပါပဲ၊ သို့သော် ကုသိုလ် ဆိုသည်မှာ ပိုက်ဆံပေးဝယ်လို့ရနိုင်သော အရာမျိုး လဲမဟုတ်ပါ၊ လောကီခေတ်မီ စက်ကိရိယာ ယန္တရားတွေနဲ့ ထည့်ပြီးတော့ပေးနိုင်သော အရာမျိုး လဲမဟုတ်ပါ၊ လောကီခေတ်မီ စက်ကိရိယာ ယန္တရားတွေသုံးပြီးမှ ထည့်သွင်းလို့ရနိုင်သော အရာ များလဲမဟုတ်ပါ။

ဘေးကဝိုင်းပြီးမှ ထည့်ပေးလို့ဖြစ်နိုင်သော အရာလဲမဟုတ်ပါ၊ လာကြ,လာကြလို့ လက်ယပ် ခေါ်လို့လဲ နည်းနည်းလေးမှလာနိုင်တဲ့ အရာလဲ မဟုတ်ကြပါ၊ သဒ္ဓါတရားလို့ခေါ်ဆိုရတဲ့ ကုသိုလ် ဝင်ပေါက် တံခါးကို ဟင်းလင်းဖွင့်ပေးမှ စိတ် တန်ခိုးလို့ခေါ်ဆိုရတဲ့ ကိုယ့်ရဲ့ကောင်းကျိုးအနန္တ ကို လိုသမျှပေးနိုင်တဲ့ ကောင်းမှုတရားသည် ဝင်ရောက် လာနိုင်ကြပါတယ်။

http://www.dhammadownload.com



သဒ္ဓါတရားသည် ဩဃလေးခန်းရေပြင် ကြမ်းကြီးကို လွန်မြောက်သွားအောင် ကူးပေးနိုင်ပါတယ်၊ ဩဃဆိုတာ ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃဆိုတဲ့ သတ္တဝါတွေကို အောက်ကို အမြဲတမ်းဆွဲချနှစ်မြုပ်နေတဲ့ အောက်ဆွဲတရားတွေ၊ တရားကိုယ်အားဖြင့်တော့ လောဘရယ်၊ မောဟရယ်၊ ဒိဋ္ဌိရယ်၊ အဲဒီတရား(၃)ပါးပေါ့။

အဲဒီတရား(၃)ပါး လက်ထဲမှာနေရတဲ့ စိတ်ကလေးဟာ ရည်ရွယ်ချက်လဲမရှိဘူး၊ လမ်းကြောင်းလဲအကုန်ပျောက်၊ အစီအစဉ်လုံးဝကင်းမဲ့သွားပါတယ်။

* * *

## သဒ္ဓါတရားရဲ့အာမခံချက်များ

သာသနာနဲ့ တကယ်တွေ့တဲ့လူဆိုတာ (၁) ရည်ရွယ်ချက်ကောင်းရမယ်၊ (၂) လမ်းကြောင်းရှိရမယ်၊ (၃) အလုပ်တိုင်းမှာ အစီအစဉ်ပါရမယ်၊ ဘယ်ဟာမှ အလကားကုန်သွားတာ မရှိစေရဘူး၊ သူ့အတွက် အလုပ်အားလုံးသည် တရားပဲဖြစ်ရမယ်၊ တရားနဲ့ ခန္ဓာဝန်ထမ်းဆောင်တဲ့ အလုပ်ဟာ

http://www.dhammadownload.com



တစ်သားထည်းပေါင်းမိထားရမယ်၊ ပေါင်းမိအောင်လဲ ကြိုးစားနေရမယ်။

အစီအစဉ်ပါရမယ်၊ လမ်းကြောင်းရှိရမယ်၊ ရည်ရွယ်ချက်ပါရမယ်၊ ဖြန်းတီးမှုမရှိစေရဘူး။

ဒါကြောင့် သဒ္ဒါတရားက စိတ်ကောင်းလေးတွေ ဖော်ထုတ်တယ်၊ ကုသိုလ်ဝင်သာအောင် တံခါးပေါက်ဖွင့်ပေးတယ်၊ စိတ်ကိုသန့်စင်တယ်၊ ယုံကြည်တယ်၊ လက်ခံတယ်၊ သဘောတူတယ် ခံယူချက်ပြတ်သားတယ်၊ စိတ်အစဉ်ကို အညွန့်တလူလူလွှင့်ထူနိုင်တယ်၊ အာမခံတယ်၊ တာဝန်ယူတယ်၊ မင်္ဂလာတံခါးပေါက်ဖွင့်ပေးတယ်၊ စိတ်ကျန်းမာအောင်လုပ်ပေးတယ်၊ အဲဒါ သဒ္ဒါတရားရဲ့ အာမခံချက်တွေပါ။

* * *

http://www.dhammadownload.com

# စိတ်ကျန်းမာရေး လေ့ကျင့်ပေး

လူတွေဟာ ရုပ်ကျန်းမာဖို့ကျတော့ တော်တော် ကြိုးစားကြပါတယ်၊ အားကစားတွေ၊ လှုပ်ရှားမှုတွေ၊ လမ်းလျှောက်မှုတွေ စသည်ဖြင့် အမျိုးမျိုးလုပ်ကြပါတယ်၊ ဆေးဝါးဓာတ်စာတွေလဲ ကြိုးစားပြီးတော့ စားသုံးကြပါတယ်၊ စိတ်ကျန်းမာရေးအတွက်ကျတော့ အကွက်မစေ့တာတွေ အများကြီးပဲ။

မနက်အိပ်ရာထလာပြီဆိုရင် ဘုရားရှေ့သွားပြီး ဘုရားရှိခိုးတာတို့၊ ဘုရားအာရုံပြုတာတို့၊ ဘုရားဂုဏ်တော်ပွားတာတို့၊ တရားအလုပ် လုပ်တာတို့၊ ဒါတွေဟာ စိတ်ကျန်းမာရေးလေ့ကျင့်ခန်းတွေ၊ စိတ်ကို တံခါးပေါက်ဖွင့်ပေးတာ။

http://www.dhammadownload.com



တံခါးပေါက်ပိတ်နေတဲ့အခါ ကုသိုလ်တွေဟာ လက်တစ်ကမ်းရှိပေမယ့် ဝင်မလာကြတော့ဘူး၊ တံခါးပေါက်ဖွင့်ပေးမှ တန်းစီပြီးတော့ ကုသိုလ်တွေဝင်နေကြပါတယ်၊ စိတ်ကျန်းမာအောင်လဲ လုပ်ပေးတယ်၊ ကျန်းမာအောင်လဲ လေ့ကျင့်ပေးတာက သဒ္ဒါတရားဖြစ်တယ်။

* * *

http://www.dhammadownload.com

# စိတ်မကျန်းမာလျှင်

လောကမှာ အင်မတန်ကောင်းတဲ့ အစားအသောက်တွေ မကျန်းမာတဲ့လူတစ်ယောက်ကို ခေါ်ကျွေးကြည့်ပေါ့၊ ခံတွင်းမတွေ့ပါဘူး၊ အရသာမတွေ့ပါဘူး၊ အစားအသောက်မကောင်းလို့ မဟုတ်ဖူး၊ သူ့ကကို ဓာတ်သဘာဝတွေ ဖောက်ပြန်နေလို့။

ဒီးလူက ဒီလောက်ကောင်းတာ ဘာဖြစ်လို့ မစားချင်ရလဲဆိုပြီး ပါးစပ်ထဲအတင်းခွံ့ပေးပါဗျာ၊ အန်တောင်ပစ်လိုက်ဦးမယ်၊ အစားအသောက် မကောင်းလို့ မဟုတ်ပါဘူးဗျ၊ သူ့ကကို ဓာတ်သဘာဝတွေ ဖောက်ပြန်ပျက်စီးနေတာ၊ မကျန်းမမာဖြစ်နေလို့ပါ။

http://www.dhammadownload.com



ဒါမျိုးလိုပေါ့၊ ဒါနတရား အလွန်အရသာရှိတယ်၊ သီလတရား အလွန့်အလွန်မှ အရသာရှိတယ်၊ စိတ်ကို ချေးချွတ်ဆေးကြော လျှော်ဖွတ်ပွတ်တိုက်သန့်စင်ပေးတဲ့၊ စိတ်တန်ခိုးထုတ်လုပ်တဲ့ သမာဓိ သိပ်ပြီးတော့ အလွန်အရသာရှိတယ်၊ ခန္ဓာအရှိလေးကို ဉာဏ်သတိစိုက်ပြီး ကြည့်ရှုသုံးသပ် နှလုံးသွင်း ပွားများနေရတဲ့ ဝိပဿနာ သိပ်ပြီးမှ အရသာရှိတယ်၊ သို့သော် သဒ္ဓါတရား ကင်းပျောက်နေတဲ့ စိတ်မကျန်းမာတဲ့လူတွေ ဘာမှ အရသာမတွေ့ပါဘူး၊ လက်ထဲ ဒါနထုပ်ကြီးကိုင်ထားရဲ့သားနဲ့ ဒါနအရသာမတွေ့ပါဘူး၊ စိတ်မကျန်းမာရင် ဒါနအရသာမတွေ့ပါဘူးဗျ။

* * *

http://www.dhammadownload.com

# သဒ္ဓါတရားရှိလျှင် (သို့မဟုတ်) စိတ်ကျန်းမာလျှင်

သဒ္ဓါတရားရှိတဲ့သူမှာ အိမ်ထဲ နေ့တိုင်း နေ့တိုင်း ကိုယ့်မိသားစုကျွေးရတာ တကယ်ပျော်စရာကောင်းတဲ့ အလှူပွဲကြီးတွေပါလား၊ အိမ်ထဲမှာ အလှူပွဲကြီး တစ်နေ့(၂)ပွဲ အနည်းဆုံးရှိတယ်၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ အိမ်ထဲ တန်းစီလို့ဗျ။

ကိုယ်က ရတနာကြောပေါ်ရောက်နေတာပဲ၊ သာသနာရှိတဲ့ တိုင်းပြည်၊ သာသနာရှိတဲ့နေရာမှာ နေရတယ်ဆိုတာ ရတနာကြောပေါ်မှာ နေရတာ။

အိမ်ထဲမှာ သီလဝေယျာဝစ္စတွေ ရှိတယ်ဗျ၊ သတိနဲ့ဝီရိယလေးများ တွဲပြီးလုပ်ကြည့်ပါ၊ ခဏိက

http://www.dhammadownload.com



သမာဓိလေးတွေ တန်းစီလို့ တကယ်အရသာရှိပါတယ်ဗျာ၊ ဒါပေမယ့် စိတ်မကျန်းမာလို့ သဒ္ဓါတရားကင်းပျောက်နေတဲ့ပုဂ္ဂိုလ်တွေ တရားအရသာ မတွေ့ပါဘူး။

သိတတ်တဲ့စိတ်ကလေးတွေနဲ့ သိစရာအာရုံလေးတွေ ဉာဏ်သတိနဲ့ စိုက်ကြည့်နေစမ်းပါ၊ ဝိပဿနာလေးတွေတန်းစီလို့ဗျ၊ သိတတ်တဲ့စိတ်ကလေးလဲ ဖြုတ်ကနဲဆို သိလာတယ်၊ နောက်ပြန်လှည့်ကြည့် မရှိတော့ဘူးဗျ၊ ပျောက်သွားပြီ။

သိစရာလေးတွေ အာရုံပြုပြီး သိခြင်းကိစ္စပြီးတော့ သူတို့လဲပဲ နောက်ပြန်လှည့်ကြည့် မရှိကြတော့ဘူး၊ တဖြုတ်ဖြုတ်ကုန်နေတာ၊ ဉာဏ်သတိစိုက်ကြည့်၊ ဝိပဿနာတွေလဲ အိမ်ထဲမှာတန်းစီလို့၊ သို့သော် စိတ်မကျန်းမာတဲ့ပုဂ္ဂိုလ်များ ဝိပဿနာအရသာလဲ မတွေ့ဘူးဗျ၊ ဘာအရသာမှမတွေ့ဘူး၊ တရားက မကောင်းလို့မဟုတ်ဖူးဗျ၊ ကိုယ့်စိတ်က မကျန်းမာတာ။

စိတ်မကျန်းမာတဲ့ပုဂ္ဂိုလ်တွေ အလွန့်အလွန်အရသာကောင်းတဲ့ တရားတွေ လက်ထဲမှာ ဆုပ်ကိုင်ထားရတာတောင်မှ မိမိရဲ့ခံတွင်းထဲမှာ နေ့စဉ်

http://www.dhammadownload.com



နေ့စဉ် ထည့်ပြီးနေရတာတောင်မှ အရသာမတွေ့၊ စိတ်မှာ ဓာတ်သဘာဝဖောက်ပြန် ပျက်စီးပြီး စိတ်မကျန်းမာလို့ပါ။

ဒါကြောင့် စိတ်ကျန်းမာတဲ့ပုဂ္ဂိုလ်တွေ အိမ်ထဲကအလုပ်တွေအကုန်လုံး အရသာတွေ့ပါလိမ့်မယ်၊ သဒ္ဒါတရားက ဩဃကိုလွန်မြောက်အောင်လဲ ဆောင်ရွက်ပေးပါတယ်။

* * *

## မျောနေ့, မြုပ်နေတာ

လောဘ၊ ဒိဋ္ဌိ၊ မောဟ လက်ထဲမှာနေရတဲ့ စိတ်ကလေးဟာ သူ့အစီအစဉ်မရှိတော့ပါဘူး၊ ဥပမာအားဖြင့် အားကောင်းမောင်းသန် လူတစ်ယောက်ကို အားအလွန်ကောင်းတဲ့ လူ ၃-၄ ယောက်က ကပြာကယာလာပြီးတော့ ဖမ်းချုပ်တွန်းလှဲ၊ ခိုင်မြဲတဲ့ကြိုးကြီးနဲ့ ချည်တုပ်ပြီး ရေစီးအလွန်မြန်တဲ့ ရေစီးအလွန်သန်တဲ့ မြစ်ထဲ ချောင်းထဲမှာ မျှောချလိုက်စမ်းပါ။

http://www.dhammadownload.com



အဲဒီပုဂ္ဂိုလ်ဟာ ခြေထောက်ပါပေမယ့် မရုန်းနိုင်တော့ဘူး၊ ကြိုးတုပ်ထားလို့၊ လက်ပါပေမယ့် မကူးနိုင်တော့ဘူး၊ ကြိုးတုပ်ထားလို့။

ခြေတွေလက်တွေ ကြိုးနဲ့တုပ်ထားတော့ ခွန်အားလဲပဲ ဘယ်ဟာမှ သုံးမရတော့ဘူး၊ မျက်စိတွေပါပေမယ့် မကြည့်နိုင်တော့ဘူး၊ သူဟာ ရေထဲမှာ ဟိုမျောဒီမျော၊ ဟိုမြုပ်ဒီမြုပ်၊ ဟိုတိုက်ဒီတိုက်နဲ့ သူ့အစီအစဉ် လုံးဝမပါတော့ဘူး၊ သူကူးတာမဟုတ်ဖူး၊ မျောနေတာ၊ မြုပ်နေတာ။

အဲဒါမျိုးလိုပေါ့၊ သဒ္ဓါတရားကင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ ကူးတာမဟုတ်ဖူး၊ မြုပ်တာ၊ မျောတာ၊ တစ်နေ့လာလဲဒါပဲ၊ တစ်နေ့လာလဲဒါပဲ၊ ပြီးပြန်ရော၊ ကုန်ပြန်ရော၊ မောပြန်ရော။

ရှာပြန်ပြီ၊ ပိုက်ဆံတွေ၊ ပစ္စည်းတွေ၊ ရပြန်ပြီ၊ အချိန်တန်တော့ ကုန်ပြန်ရော၊ မောပြန်ရော၊ အစီအစဉ်မပါ၊ လမ်းကြောင်းမရှိ၊ ရည်ရွယ်ချက်ရယ်လို့ ဘာမှ သတ်သတ်မှတ်မှတ်မပါတော့ပဲ မျော၊ မြုပ်နေတာပါ။

* * *

http://www.dhammadownload.com

# ကြိုးချည်ခံရသည့်စိတ်ကို ကြိုးဖြုတ်လိုပါလျှင်

သဒ္ဒါတရားလေးပါလာတဲ့အခါ စိတ်ကလေးက ကူးခပ်နိုင်တယ်၊ ခုနက ရေမျောရေမြုပ်နေတဲ့လူကို စိတ်ကောင်းရှိသူလူတစ်စုက အချိန်မီဆယ်တင်ပြီး ကြိုးတွေကို ဖြေဖြုတ်ပေးလိုက်ရင်တော့ (အချိန်မီသွားရင်) သူ့မှာရှိတဲ့ ခြေတွေလက်တွေ၊ ခွန်အားတွေ အကုန်ပြန်သုံးလို့ ဖြစ်တယ်။

ဒါမျိုးလိုပေါ့၊ သဒ္ဒါတရားကလဲ ကြိုးချည်ကြိုးတုပ်ခံရတဲ့ စိတ်ကလေးကို နေ့တိုင်း ကြိုးဖြေပေးတာဗျာ၊ ဒါကြောင့် ဘုရားရှေ့ကိုသွားပြီး ဘုရားရှိခိုးကြရတာတွေ၊ ဘုရားဂုဏ်တော်

http://www.dhammadownload.com



ပွားကြရတာတွေ၊ ထွက်လေဝင်လေကို စူးစိုက်လို့ သမာဓိဖော်ထုတ်ကြရတာတွေဟာ ကြိုးချည်ခံရတဲ့ စိတ်ကလေးကို ကြိုးဖြုတ်တာဗျာ။

"ကဲ–စိတ်ကလေးရေ၊ ဒီနေ့ စားဝတ်နေရေးနဲ့ တရား တစ်သားထဲပေါင်းပြီး ပြေးစမ်းကွာ၊ စီးပွားရေးနဲ့ တရားကို တစ်သားထဲပေါင်းပြီး သွက်သွက်လေး ပြေးပြစမ်းကွာ" (ကြိုးဖြုတ်လိုက်တာလေ)

ဒီလိုဆိုရင် မမြုပ်တော့ဘူး၊ မမျောတော့ဘူး၊ တစ်ခါထည်း ကူးခပ်တော့မှာဗျ၊ ဒါကြောင့် တရားအလုပ်လုပ်ကြတာ စိတ်ကလေး ကြိုးဖြေကြတာ။

"ဘုရားရှိခိုးဖို့မအားဘူး၊ အလုပ်တွေအရမ်းရှုပ်တာ" အဲသလိုဆိုရင် စိတ်ကြိုးတုပ်ခံရမှာပေါ့ဗျာ၊ တစ်နေ့လုံး မျောတော့မှာပေါ့။

တစ်နေ့လုံး အိုတာက လက်ဦးသွားမယ်၊ နာတာကလက်ဦးသွားမယ်၊ သေတာက လက်ဦးသွားမယ်ပေါ့၊ ကိုယ်က မကူးမခပ်တော့ဘူး၊ ပြေးမှမပြေးနိုင်တော့ပဲ၊ ကြိုးတွေတုပ်ထားတာ။

ဒါကြောင့် တရားအလုပ်လုပ်ကြတာ ကြိုးဖြုတ်တာ၊ သဒ္ဒါတရားက ညှဲယလေးခန်း၊ ရေပြင်

http://www.dhammadownload.com



ကြမ်းကြီးကို ကူးခပ်ပေးတယ်၊ မျော, မြုပ်နေတဲ့ စိတ်ကလေးကို ဆယ်ယူပေးတယ်၊ အိမ်အလုပ်တွေဟာ အကုန် တရားအလုပ်ဖြစ်သွားတယ်၊ ကုသိုလ်တံခါးပေါက် ဖွင့်ပေးလိုက်တယ်။

* * *

## သတိတရားအားကောင်းမှ

အပ္ပမာ ဒေန အဏ္ဏဝံ၊ သာသနာလုပ်ငန်းထဲမှာ ကျင့်စဉ်ထဲမှာ တော့ အချုပ်ဖြစ်တဲ့ အပ္ပမာဒ သတိ၊ အဲဒီသတိဟာ ဘဝပင်လယ် မြစ်ပြင်ကျယ်ကြီးကို ကူးပြီးတော့ပေးပါတယ်။

အပ္ပမာဒဆိုတဲ့ တရားအားကောင်းမှသာလျှင် သီလ, သမာဓိ, ပညာဆိုတဲ့ စွမ်းအားကိုရကြမယ်၊ သာသနာကျင့်စဉ် အကုန်လုံးကို ခြုံကြည့်လျှင် အပ္ပမာဒဆိုတဲ့ သတိထဲမှာ အကုန်လုံး အကျုံးဝင်ကြတယ်။

အဲဒါလေး နည်းနည်းချဲ့လိုက်ပြန်တော့ သီလရယ်၊ သမာဓိရယ်၊ ဝိပဿနာ ပညာရယ်လို့

http://www.dhammadownload.com



(၃)ခုပေါ်လာပြန်တယ်၊ ဒါလေး နည်းနည်းချဲ့လိုက်ပြန်တော့ မဂ္ဂင်(၈)ပါး။

အဲသလို စသည်ဖြင့် အဆင့်ဆင့်ချဲ့ယူလို့ရတယ်၊ အချုပ်ကတော့ အပ္ပမာဒသတိ၊ သူက ဘဝပင်လယ် မြစ်ပြင်ကျယ်ကူးပေးတယ်၊ အဖိတ်အစဉ် အလေအလွင့်မရှိအောင် လုပ်ပေးတယ်၊ စားဝတ်နေရေးနဲ့ တရားကို တစ်သားထည်းပေါင်းပေးတာ သတိပေါ့၊ အချိန်နဲ့ အင်အားဖြုန်းတီးမှုကို ထိန်းချုပ်ပေးတာ ဟောဒီ အပ္ပမာဒသတိပေါ့။

ထမင်းချက်တာလဲ နိဗ္ဗာန်ရောက်ကြောင်းပေါ့၊ ဈေးရောင်းတာ နိဗ္ဗာန်ရောက်ကြောင်းပေါ့၊ ထမင်းစားတာ နိဗ္ဗာန်ရောက်ကြောင်းပေါ့၊ ဘာပူဖို့လိုသေးလဲလို့ ပြောရဲတာ သူပေါ့ဗျ။

သတိမလွတ်တဲ့ပုဂ္ဂိုလ်တွေ၊ အပ္ပမာဒသတိအားကောင်းတဲ့ပုဂ္ဂိုလ်တွေ အိမ်အလုပ်နဲ့ တရားအလုပ် တစ်သားထဲပေါင်းမိနေတယ်။

ဘုရားလက်ထက်က ထေရိကာဆိုတဲ့ အိမ်ရှင်မတို့ အပ္ပမာဒသတိကောင်းတယ်လေ၊ တရားယန္တရား(၄)ချက်လုံး အကုန်ကောင်းတယ်ပေါ့၊ သူ့မှာ မနက်အိပ်ရာက ထလာတယ်ဆိုရင် (တရား

http://www.dhammadownload.com



ဗဟုသုတလဲ အထိုက်အလျောက်ရှိတော့) အရင်ဆုံး စိတ်ကို ကုသိုလ်တံခါးပေါက်ဖွင့်တာပဲ၊ ဘုရားရှိခိုးတယ်၊ ဘုရားဂုဏ်တော်ပွားတယ်၊ သရဏဂုံ သီလဆောက်တည်တယ်၊ မေတ္တာတွေပို့တယ်၊ သမာဓိတွေဖော်ထုတ်တယ်၊ ခန္ဓာအရှိဉာဏ်နဲ့ကြည့်တယ်။

အဲသလိုလုပ်ပြီးကာမှ အိမ်အလုပ်ကိုလုပ်တော့ လဘ်မြင်တာပေါ့ဗျာ၊ တရားစွမ်းအားကို ယူတတ်တယ်၊ ခန္ဓာအသုံးအကွက်စေ့တယ်၊ အဖိတ်အစဉ် အလေအလွင့်မရှိအောင် သုံးတတ်တယ်။

* * *

## မတော်တဆမှန်သမျှသည် အရူးစိတ်ကြောင့်

သဒ္ဓါတရားပျောက်သွားရင် လူဟာ ခြောက်ကပ်ကြီးပါ၊ သဒ္ဓါတရားလေးဝင်လာမှ လူဟာ စိုပြေတယ်၊ အပ္ပမာဒသတိ ကင်းပျောက်သွားတော့

http://www.dhammadownload.com



လူဟာ ရူးပေါပေါဖြစ်သွားပြန်တယ်၊ ဒါကြောင့် သတိပျောက်တော့ ရူးတူးတူးဆိုတာ အဲဒါပေါ့၊

နေ့စဉ်အလုပ်တွေဟာ သတိပျောက်နေရင် တကယ်အရူးအလုပ် ချည်း ဖြစ်သွားတော့တာဗျ အိမ်ထဲမှာနေရင်း ခေါင်းနဲ့ ဟိုဆောင့်မိ ဒီဆောင့်မိ ဟိုခလုတ်တိုက်၊ ဒီခလုတ်တိုက်၊ အတိုချုပ်အား ဖြင့်ပြောရရင် လောကမှာ မတော်တဆမှန်သမျှဟာ အရူးစိတ်ကြောင့်ဖြစ်တာချည်းပဲ၊ သတိလွတ်တဲ့ အချိန်ကို အရူးလို့ခေါ်ပါတယ်ဗျ၊ အရူးလေးပေါ့၊

အိမ်မီးလောင်တာတို့၊ မော်တော်ကားတိုက် တာတို့၊ ခလုတ်တိုက်တာတို့၊ လေယာဉ်ပျံပေါ်က လိမ့်ကျတာတို့၊ ထမင်းချက်ရင်းနဲ့ ထမင်းအိုး တူးသွားတာတို့၊ ပွသွားတာတို့၊ မနူးမနပ်ဖြစ်သွား တာတို့၊ သော့လက်ထဲကိုင် သော့ရှာနေတာတို့ အိမ်အပြင်ထွက်တော့ သော့အိမ်ထဲကျန်ခဲ့တာတို့ စသည်ဖြင့်ပေါ့ဗျာ၊ လောကမှာ မတော်တဆဖြစ် တာတွေမှန်သမျှ အကုန်လုံး အရူးစိတ်ကြောင့် ဖြစ်တာချည်းပဲ။

သတိလွတ်တဲ့အချိန်ဟာ အရူးစိတ်ပါ၊ အဲဒီ အရူးစိတ်ကြောင့် ကုသိုလ်တွေ အကုန်ပျောက်

http://www.dhammadownload.com



ကုန်တာဗျ၊ ကုသိုလ်တွေကျပျောက်ကုန်တာ၊ ကိုယ် လက်တစ်ကမ်းမှာ တန်းစိပြီးနေပါရဲ့သားနဲ့ စွမ်း အားမရဘူး။

* * *

## တရားပျောက်တာပြန်ရှာလို့မရနိုင်ဘူး

ဒါကြောင့် ထေရိကာအိမ်ရှင်မက မနက် အိပ်ရာထလာပြီဆိုရင် တရားတံခါးပေါက်ဖွင့်တယ်၊ အိမ်အလုပ်နဲ့တရား တစ်သားထဲပေါင်းလိုက်တော့ တာပဲ၊ ဟောဒါက ဒါန၊ ဒါနရအောင်ငါယူမယ်၊ ဘယ်သူ့ကြောင့်မှ ငါအလောင်မခံဘူး။

ဟောဒီနေရာက သီလလေးတွေ၊ ဝေယျာဝစ္စ စွမ်းအားလေးတွေ၊ ငါရအောင်ယူမယ်၊ ဘယ်သူ့ ကြောင့်မှ ဟောဒီသီလကို ငါအဖျက်မခံဘူး၊ ဟောဒီလို သတိနဲ့ ဝိရိယတွဲကြည့်လိုက်ရင် သမာဓိ လေးတွေ၊ စွမ်းအားလေးတွေ ပေါ်ပေါက်လို့လာ မယ်၊ ရအောင်ယူမယ်၊ ဘယ်သူ့ကြောင့်မှ ဟောဒီ သမာဓိ အပျက်မခံနိုင်ဘူး။

http://www.dhammadownload.com



ယောဒီလို သိတတ်တဲ့စိတ်ကလေးနဲ့ သိစရာ အာရုံလေးတွေ ဉာဏ်သတိနဲ့ကပ်ပေးမယ်ဆိုရင် ဝိပဿနာတွေ တန်းစီလို့ရနိုင်တယ်၊ အရှုံးမခံနိုင်ဘူးလေ၊ ပိုက်ဆံပျောက်တာ ပြန်ရှာလို့ရနိုင်တယ်၊ တရားပျောက်တာက ပြန်ရှာလို့မရနိုင်ဘူး။

အချိန်ကောင်းလေးတွေ ကုန်သွားတာက ပြန်ရှာလို့၊ အစားထိုးလို့မရနိုင်ဘူး၊ သာသနာသမ္ပတ္တိခေတ်အတွင်းမှာ တစ်စက္ကန့်လေးတောင်မှ ဖြုန်းပစ်ရမှာ သိပ်ပြီးတော့နမြောစရာကောင်းတယ်၊ (အချိန်ထိန်းကိရိယာက သတိကိုဗျ)

ဒါကြောင့် သူ အိမ်အလုပ်နဲ့တရား တစ်သားထဲပေါင်းတတ်တာပေါ့၊ (အပ္ပမာဒသတိအားကောင်းတာ)၊ အိမ်ထဲက သူ့အလုပ်တွေဟာ ဒါန, သီလ, ဘာဝနာထုပ်တွေဗျ။

မအားဘူးဗျ၊ အလုပ်တွေရှုပ်တယ်ဗျလို့ ပြောကြတာတွေဟာ ကယောင်ကတမ်း ပြောကြတာတွေ၊ တရားကွင်းဆက်မမိတဲ့ သူတွေရဲ့ ကယောင်ကတမ်းစကားတွေ၊ သာသနာရတနာကြောပေါ်နေတော့ ဒီစကားပြောစရာမလိုဘူး၊ လက်ထဲကိုင်ထားတာ ကုသိုလ်ထုပ်၊ မအားတာကိုက တရားအလုပ်ပဲ၊

http://www.dhammadownload.com



မအားတာကို မအားဘူးလို့သိနေရင် တရားပေါ့၊ ကိုယ့်ရှိတာလေးသိရင် တရားပေါ့။

ဒါကြောင့် သူက အိမ်ထဲကအလုပ်ကို တရားနဲ့ပေါင်း၊ သူ့မှာ ဒါနသီလ ဘာဝနာထုပ်ကြီး နေ့တိုင်းကိုင်မိတယ်၊ နေ့တိုင်းပုံမှန်ပဲ။

* * *

# မီးဖိုချောင်တရားစခန်း

မီးဖိုချောင်ထဲဝင်၊ ထမင်းဟင်းချက်၊ ဒါန, သီလ, ဘာဝနာပုံစံနဲ့ ချက်ပြုတ်တတ်တယ်၊ မိသားစုတွေ ချမ်းချမ်းသာသာစားသုံးဖို့ ငါ ဒါနလုပ်မယ်၊ မနက်ပိုင်း ဘုရားတို့၊ သံဃာတို့ ရတနာတွေကို အာရုံပြုလှူဒါန်းမယ်၊ အနည်းဆုံး မိသားစုအတွက်တော့ အလှူဒါနလုပ်ရမယ်၊ နေ့တိုင်း ဒါနစိတ်နဲ့ ချက်ပြုတ်တော့ ကုသိုလ်ရတာပေါ့၊ သီလစိတ်တွေထားတော့လဲ ဝေယျာဝစ္စသီလရတာပဲ။

အူမတောင့်မှ သီလစောင့်မယ်ဆိုတော့ အူမတောင့်ရင် သီလစောင့်ထိန်းနိုင်တာဖြစ်တဲ့အတွက် ဒီပစ္စည်းများသည် သီလအတွက် ကျေးဇူးပြုတာ[illegible]။

http://www.dhammadownload.com



ဤဒေသနာမှာလာတဲ့ သတိနဲ့ ဝိရိယတွဲမိရင် သမာဓိပေါ်လာတယ်၊ သိတတ်တဲ့စိတ်နဲ့ သိစရာ ဆန်လေးတွေ ဟင်းသီးဟင်းရွက်လေးတွေဟာ ကြည့်တတ်ရင် သိတတ်တဲ့စိတ်လဲ အငြိမ်မနေ၊ တဖြုတ်ဖြုတ်ပြောင်းနေတာ၊ သိစရာလဲ အငြိမ်မှ မနေတာ၊ တဖြုတ်ဖြုတ်ပြောင်းနေ၊ တဖြုတ်ဖြုတ် ကုန်နေတာ၊ ဒါလေးတွေ ကြည့်တတ်တော့ သူ့မှာ ဝိပဿနာတွေရလို့ ဟန်ကျတာ၊ အပူငြိမ်းတာ ပေါ့ဗျာ။

ခန္ဓာကတော့ အိုထုပ်၊ နာထုပ်၊ သေထုပ်ကြီး ပေါ့၊ သို့သော် မဂ္ဂင်လမ်းကြောင်းပေါ်၊ အိမ်တွင်း မဂ္ဂင်၊ လှူ့ကျင့်စဉ် လမ်းကြောင်းပေါ် တင်ထား လိုက်တော့ အပူသက်သာတာပေါ့။

* * *

http://www.dhammadownload.com

# တရားအဝတ်မပါရင်

မိမိတို့မီးဖိုချောင်ထဲမှာ ထမင်း, ဟင်းချက်ကြတဲ့အခါ ဆူပွက်ပြီး ပူနေတဲ့အချိန် လက်နှီး အဝတ်မပါပဲသွားကိုင်ရင် လောင်မှာပေါ့၊ ပူမှာပေါ့၊ ကယောင်ကတမ်းနဲ့လွှတ်ချ၊ ထမင်းအိုး ဟင်းအိုး တောင် မှောက်သွားနိုင်သေးတယ်။

ဒါမျိုးလိုပေါ့၊ လောကရဲ့အပူတွေဆိုတာ တရားအဝတ်မပါရင်၊ တရားအထိန်းမပါရင် လောင်ကြမှာပေါ့၊ ထမင်းအိုး၊ ဟင်းအိုး ဆူပွက်နေတဲ့အချိန်မှာ လက်နှီးအဝတ်ထူထူနဲ့ကိုင်ရင် မလောင်ပါဘူး၊ စနစ်တကျ ကျက်အောင် ချက်ပြုတ်နိုင်တယ်။

http://www.dhammadownload.com



ဒါကြောင့် လောကအပူအာရုံတွေဟာ တရားသတိ၊ တရားအထိန်းရှိသူကိုမလောင်ကြပါ၊ တရားယာဉ်ပေါ်ကသွားနေသူကို မလောင်နိုင်ကြပါ၊ ဒါကြောင့် အပ္ပမာဒသတိဟာလဲ အိမ်တွင်းမဂ္ဂင်လူ့ကျင့်စဉ်ထဲမှာ အရေးတကြီး လိုအပ်သောတရားဖြစ်တယ်။

အဲဒါနဲ့ နေ့စဉ်ပုံမှန်သွားလိုက်တာ တစ်နေ့တော့ မီးဖိုချောင်ထဲမှာ ထမင်းချက်၊ ဟင်းချက်၊ ဟင်းအလှည့်ရောက်လာ၊ ဟင်းအိုးထဲရေ တွေထည့်၊ ထည့်သင့်တာတွေထည့်၊ မီးဖိုပေါ်တင်၊ အောက်က မီးတွေထိုး၊ အချိန်တန်တော့ ဆူပွက်ကျက်လာ။

အိမ်တိုင်းအိမ်တိုင်း ဟင်းချက်ပါတယ်ဗျာ၊ သို့သော် ကံမျက်လုံးသာပါပြီး ဉာဏ်မျက်လုံး မတပ်ကြဘူးဗျ၊ အပ္ပမာဒသတိအထိန်းလေးက မပါတော့ ရှိတာမမြင်ရဘူးဗျ၊ ချက်တော့ ချက်ကြတာပဲ၊ ကုန်သွားမယ့်ထမင်း၊ ကုန်သွားမယ့်ဟင်း လောက်ပဲ ချက်တယ်၊ ကိုယ့်ကိုကယ် တင်မယ့်၊ စွမ်းအားရလာဒ်တွေထုတ်လုပ်ပေးမယ့် ထမင်းဟင်းများကို မချက်ဖြစ်ကြပါ။

သာသနာရတနာကြောပေါ် ထမင်းဟင်းချက်တာ ဘယ်အလကား အကုန်ခံနိုင်မလဲဗျာ၊

http://www.dhammadownload.com



ကိုယ့်ကိုကယ်တင်မယ့် တရားစွမ်းအားကျန်အောင် ချက်ရမှာပေါ့။

အချိန်တန်လို့ ဆူပွက်ကျက်လာတော့ အသင့်ပြင်ဆင်ထားတဲ့ လတ်လတ်ဆတ်ဆတ် ဟင်းသီးဟင်းရွက်တွေကို ဟင်းအိုးထဲထည့်လိုက်တယ်၊ ရေပူဒဏ်, မီးပူဒဏ်ကြောင့် ညှိုး, ကျက်သွားတယ်၊ လူတိုင်းမြင်နေကြတာပဲ၊ ဒါ ဆန်းသလား၊ သို့သော် ဉာဏ်မျက်လုံးပါသူ၊ သာသနာမျက်လုံးပါသူအတွက်တော့ ဆန်းပါတယ်၊ အထူးအဆန်းတွေမှ အံ့သြစရာတွေ အများကြီးရတာပေါ့။

* * *

# မင်္ဂလာယန္တရားတပ်ဆင်လိုက်တာ

ထေရီကာက ကြည့်တယ်၊ ကြည့်စမ်း၊ ရေပူဒဏ်၊ မီးပူဒဏ်ကြောင့် လန်းလန်းဆန်းဆန်း လတ်လတ်ဆတ်ဆတ် ဟင်းသီးဟင်းရွက်လေးတွေ ညှိုးကျက်သွားကြတယ်၊ ကံမျက်လုံးနဲ့သာမက ဉာဏ် မျက်လုံးနဲ့ပါခွဲပြီးတော့ ကြည့်လိုက်တယ်။

http://www.dhammadownload.com



သိတတ်တဲ့ အသိစိတ်နာမ်တရား၊ သိစရာ ဟင်းသီးဟင်းရွက် ရုပ်တရားတွေ ညှိုးကျက်၊ သိတတ်တဲ့စိတ်လဲ ချက်ခြင်းပြောင်းသွား၊ သိစရာတွေလဲ တစ်ခုပြီးတစ်ခုပြောင်းပြီး ပျောက်သွား၊ အနိစ္စသဘောတွေ ပေါ်လာတယ်၊ ခန္ဓာဘက် ဉာဏ်လှည့်လိုက်တယ်။

ခန္ဓာလဲဘာထူးလဲ၊ တစ်နေ့နှစ်ထပ်မက ဆယ်ထပ်ကျွေးကျွေး၊ သခေါ်ရမိးတွေက တဟုန်းဟုန်း၊ ဇရာမိးတွေကတဟုန်းဟုန်း၊ စိတ်ထိန်းမတတ်တော့ ကိလေသာမိးတွေကပါ တွဲလောင်၊ အဲဒါ ဉာဏ်သတိစိုက်ပြီး စဉ်တန်းပြီးတော့မှ ပွားများလိုက်တာ၊ ဝိပဿနာဉာဏ်တွေ ရင့်ပေါ့ဗျာ။

ဝိပဿနာပွားတယ်ဆိုတာ အရပ်စကားနဲ့ ပြောရရင် ခန္ဓာတီဗွီဖွင့်ကြည့်ကြတာဗျ၊ ခန္ဓာဗွီဒီယိုကြီးကို ဖွင့်ကြည့်တာ၊ ခန္ဓာရုပ်မြင်နာမ်ကြားစက်ကြီးကို ဖွင့်ကြည့်တာ၊ ဒါ အားလို့လုပ်တာမှ မဟုတ်ပဲ၊ မအားပဲ အိမ်ထဲမှာအလုပ်လုပ်ရင်းနဲ့ အသိတရားလေးတပ်ဆင်လိုက်တာ၊ မဂ္ဂင်ယန္တရားလေးကို တပ်ဆင်လိုက်တာပဲ။

http://www.dhammadownload.com



ဒါကြောင့်မို့ ခန္ဓာဘက်ဉာဏ်လှည့်လိုက်တာ၊ ခန္ဓာရဲ့မခိုင်မြဲပုံတွေ သိရတယ်၊ ခန္ဓာဗွီဒီယိုဖွင့်ကြည့်လိုက်ပြီ၊ ခန္ဓာတီဗွီဖွင့်ကြည့်လိုက်ပြီ၊ ခန္ဓာက ပြနေပါပြီကော။

ရုပ်ရှိပါတယ်ခင်ဗျ၊ နာမ်ရှိပါတယ်ခင်ဗျ၊ ကျွန်တော့်မှာ ငါတို့ ငါ့ဟာတို့ မပါပါဘူးခင်ဗျ၊ ရုပ်တို့နာမ်တို့ပဲ ရှိပါတယ်ခင်ဗျ၊ အကြောင်းရှိလို့၊ အကြောင်းရှိသလို၊ အကြောင်းရှိသလောက်သာ ဖြစ်ရပါတယ်ခင်ဗျ၊ အချိန်စေ့ရင် ဒီလို,ဒီလို ပျက်နေကြပါတယ်ခင်ဗျ၊ ပျက်တိုင်းပျက်တိုင်း ဒီလိုနှိပ်စက်ကြပါတယ်ခင်ဗျ၊ ဆိုင်ခွင့်သာပေး၊ အပိုင်ပေးတာ တစ်ခုမှမပါပါဘူးခင်ဗျ၊ ဆိုင်ခွင့်ကို ဆိုင်ခွင့်နဲ့ကျေနပ်ပါ၊ ဆိုင်ခွင့်လေးပေးတာကို အပိုင်လိုချင်ရင်တော့ ပိုင်ချင်သလောက် မျက်ရည်ပေါက်ပေါက်ကျပါလိမ့်မယ်ခင်ဗျ၊ ဆိုင်ခွင့်လေးပင်ဖြစ်သော်လဲ အသုံးချတတ်ရင် အသုံးချတတ်သလောက် စွမ်းအားတွေပေါ်လာပါတယ်ခင်ဗျ စသည်ဖြင့် ရုပ်နာမ်ခန္ဓာဗွီဒီယိုကြီး ဖွင့်ကြည့်တဲ့ပုဂ္ဂိုလ်တွေ၊

http://www.dhammadownload.com



ဝိပဿနာ ဉာဏ်မျက်လုံးတပ်ကြည့်တဲ့ ပုဂ္ဂိုလ်တွေ စွမ်းအားရတယ်၊ စိတ်နဲ့အပူကွာ၊ အစွဲတွေလျော့ ပေါ့။

* * *

http://www.dhammadownload.com

# ဝိပဿနာဉာဏ်တွေရင့်လို့

ထေရိကာအိမ်ရှင်မ မီးဖိုချောင်ထဲ ထမင်းဟင်းချက်ရင်းနဲ့ ခန္ဓာတိဗ္ဗိဖွင့်ကြည့်၊ ခန္ဓာဗွီဒီယိုဖွင့်ကြည့်လိုက်တာ ဝိပဿနာဉာဏ်တွေရင့်၊ သောတာပန်၊ သကဒါဂမ်၊ အနာဂမ် ဖြစ်သွားတယ်ဗျ။

ဒါဟာ အားလို့လုပ်တာမှမဟုတ်ပဲ၊ ပိုက်ဆံရှိလို့လုပ်တာမှ မဟုတ်ပဲ၊ သူက အားတာကိုလို့ ဘာများအကြောင်းပြစရာရှိသေးလဲ၊ အပ္ပမာဒသတိကောင်းတာဗျ၊ သတိကောင်းလို့ ဉာဏ်မျက်လုံးပွင့်တာ၊ အိမ်တွင်းမဂ္ဂင် လူ့ကျင့်စဉ်ဟာ ပိုက်ဆံတစ်ပြားမှမကုန်ဘူး။

ဒါကြောင့် သာသနာရတနာကြောတွေ့ခိုက်မှာ အိုထုပ်၊ နာထုပ်၊ သေထုပ်ကြီးကိုတော့ မအိုမနာ မသေကြောင်း အနှစ်တွေထုတ်တတ်ဖို့ လိမ်မာ

http://www.dhammadownload.com



ပါးနပ်ဖို့ကတော့ အရေးအကြီးဆုံးဗျာ၊ နောက် မကြာခင် သာသနာဝင်ဆက်အားထုတ်တာ ရဟန္တာ လဲ ဖြစ်သွားတယ်လို့ ဆိုပါတယ်ဗျာ။

ဒါကြောင့် အပ္ပမာဒက ဘဝပင်လယ်ကို ကူးပေးတယ်၊ သီလ, သမာဓိ, ပညာဆိုတဲ့ စွမ်း အားကို သူက ရအောင်ယူပေးတယ်၊ အချုပ်က သတိ၊ နည်းနည်းချဲ့ရင် သီလ, သမာဓိ၊ ပညာ။

ကိုယ်နှုတ်နှစ်ပါးကို ထိန်းသိမ်းတဲ့ သီလ၊ စိတ်ကိုထိန်းသိမ်းတဲ့သမာဓိ၊ ခန္ဓာအရှိဉာဏ်ဖွင့် ကြည့်ရတဲ့ ပညာ (ဝိပဿနာ)။

* * *

http://www.dhammadownload.com

# ဘဝသံသရာရဲ့ကမ်း(၃)ခု

ဘဝဆိုတာက ပင်လယ်၊ သီလ၊ သမာဓိ၊ ပညာ(၃)ခုဆိုတာက ဘဝသံသရာရဲ့ကမ်း(၃)ခု ပေါ့။

ပင်လယ်ထဲရောက်ဖူးတဲ့သူတွေ လှိုင်းကြီး တွေ မြင်ဖူးကြသားပဲ၊ လေထန်ရင် လေထန် သလောက် လှိုင်းလုံးကြီးတွေကြီးတယ်ဗျ၊ လေ ပြင်းမုန်တိုင်းကြီးရင် ကြီးသလောက် လှိုင်းလုံးကြီး တွေကလဲ ကြီးတယ်။

ဆင်လောက်ကြီးတဲ့လှိုင်းလုံးကြီးတွေ၊ အိမ် လောက်ကြီးတဲ့ လှိုင်းလုံးကြီးတွေ၊ တောင်လောက် ကြီးတဲ့ လှိုင်းလုံးကြီးတွေ တော်တော်တန်တန် သင်္ဘောများ မြုပ်သွားလောက်တယ်၊ အင်မတန် ကြီးတဲ့ လှိုင်းလုံးကြီးတွေ လိမ့်ပြီးတက် လာလိုက် ကြတာ ကမ်းဘက်ကို ဦး တည်လာကြတယ်ဗျ။

F.4A

http://www.dhammadownload.com



ဟော- ကမ်းရောက်တော့ ကမ်းကိုမကျော်ဘူးဗျ၊ နောက်ပြန်ဆုတ်သွားတယ်၊ ကမ်းကိုရောက်ပြီ၊ မကျော်နိုင်တော့ဘူး၊ တစ်ခါထဲ အရှိန်နဲ့ အဟုန်နဲ့ လှိမ့်လာတဲ့လှိုင်းလုံးကြီးတွေ အကုန်နောက်ပြန်ဆုတ်သွားကြတယ်။

ကမ်းရှိလို့တော်သေးတာပေါ့၊ ကမ်းမရှိရင် လှိုင်းလုံးတွေက မြို့တွေ၊ ရွာတွေ အကုန်လွှမ်းပြီး လူတွေ ဒုက္ခဖြစ်ကုန်မှာဗျ၊ ကမ်းရှိလို့သာပေါ့။

ဒါမျိုးလိုပေါ့၊ ဟောဒီဘဝသံသရာ ခန္ဓာပင်လယ်ကြီးထဲမှာသွားနေကြတဲ့ သတ္တဝါတွေ၊ သွားနေတာက အမှောင်ထဲမှာ၊ အဝိဇ္ဇာ၊ မောဟအမှောင်ထဲမှာ စမ်းတဝါးဝါးနဲ့ တဏှာရဲ့ ဖြားယောင်းမှုတွေ၊ ထင်ရာသွားနေကြတာတွေ၊ လှိုင်းတွေကတိုက်မှာပေါ့၊ ကိုယ့်စိတ်လဲ ကြည့်ပါဦး၊ ကိလေသာရှိတယ်။

* * *

http://www.dhammadownload.com

# လှိုင်းထတာ၊ လှိုင်းပုတ်တာ

ကိုယ့်စိတ်မှာ ကိလေသာလေရှိနေတဲ့အတွက် လှိုင်းလုံးကြီး တွေက အချိန်မရွေး ထလာနိုင်တယ်၊ ကိုယ့်ဟာကိုယ်တောင်မှ စိတ်မချရပါ၊ ကိုယ့်ပတ်ဝန်းကျင်ကြည့်ပါဦး၊ ကိလေသာနဲ့နေရတဲ့ ပုထုဇဉ်တွေက အများကြီး။

သူတို့လဲ ကိလေသာလေရှိတယ်၊ အချိန်မရွေး လှိုင်းထနိုင်တယ်ဗျ၊ တစ်ခါတစ်ရံများ ယုံစရာမရှိဘူး၊ အင်မတန်ရင်းနှီးတဲ့ သူငယ်ချင်းနှစ်ယောက် မတည့်တော့ဘူးဆိုပဲ၊ လှိုင်းထတာ၊ လှိုင်းထတာ၊ လှိုင်းပိသွားတာ။

အင်မတန်ချစ်ခင်တဲ့ ညီအစ်မနှစ်ယောက် မတည့်တော့ဘူးဆိုပဲ၊ လှိုင်းထတာ၊ လှိုင်းပုတ်တာ၊ လှိုင်းပိသွားတာ။

http://www.dhammadownload.com



အလွန့်အလွန်ချစ်တဲ့ ညီအစ်ကိုနှစ်ယောက် စကားတောင်မပြောနိုင်ကြတော့ဘူးဆိုပဲ၊ လှိုင်း ထပြီး လှိုင်းပိသွားတာလေ၊ ကမ်းမှမရှိတာကိုဗျ။

ကမ်းမရှိတဲ့သူတွေ လှိုင်းပိသမျှ ခံကြရတယ်၊ သီလကမ်း၊ သမာဓိကမ်း၊ ပညာကမ်းမရှိတဲ့ ကမ်း (၃)ခုမရှိတဲ့ ပုဂ္ဂိုလ်တွေ ကိလေသာလေကြောင့် လောကဓံလှိုင်းတွေထလာပြီဆိုတဲ့အခါ လှိုင်းပိ သွားကြတယ်။

* * *

http://www.dhammadownload.com



# လောကဓံလှိုင်းတွေ
# နောက်ပြန်ဆုတ်သွားတယ်

သီလကမ်း၊ သမာဓိကမ်း၊ ဝိပဿနာပညာကမ်း (၃)ခုကို တည်ဆောက်ထားတဲ့ပုဂ္ဂိုလ်တွေထံသို့ လောကဓံလှိုင်းတွေလာပြီဗျ၊ မျက်ရည်ပေါက်ပေါက်ကျစရာကောင်းလောက်အောင် လှိုင်းလုံးကြီးတွေ လှိမ့်လာလိုက်တာ။

သီလ, သမာဓိ, ပညာ ကမ်း(၃)ခု တည်ဆောက်ထားတဲ့ ပုဂ္ဂိုလ်ထံ လှိုင်းလုံးကြီးတွေရောက်လာတော့ လှိုင်းတွေက "ဟာ–ဒီလူက တော်တော်စိတ်ဓာတ်ရင့်ကျက်တာပဲ၊ စိတ်ခိုင်မာတဲ့သူပဲ၊ ဒီလူမှာ ကမ်းကြီး(၃)ခုရှိတယ်၊ ဒို့မလွှမ်းနိုင်တော့ဘူး"တဲ့၊ လောကဓံလှိုင်းကြီးတွေ အကုန်နောက်ပြန်ဆုတ်သွားတယ်။

ကမ်းရှိလို့တော်သေးတာပေါ့၊ ကမ်းမရှိရင် ရှုံးမှာဗျ၊ ကမ်းမရှိရင် မှုးကိုလဲမှာဗျ။

http://www.dhammadownload.com



ဒါကြောင့် လောကကြီးဟာ လှိုင်းလေအလွန် ထူထပ်တဲ့ ပင်လယ်ကြီးထဲမှာ နေရတာနဲ့တူတယ်၊ ကိုယ့်ဟာကိုယ်တောင်မှ စိတ်မချရ၊ ဒီနေ့ ပြုံးပေမယ့် နောက်နေ့ ပြုံးချင်မှပြုံးမှာ၊ ငိုချင်ငိုနေမှာ၊ ဒီနေ့ပျော် ပေမယ့် နောက်နေ့ အရှုံးတစ်ပိုင်းမဖြစ်ဖူးလို့လဲ မဆိုနိုင်ဘူး၊ ကိလေသာလေရှိတယ်လေ၊ လေ ကြောင့် လှိုင်းထနိုင်တယ်။

ပင်လယ်လှိုင်းကြီးတွေ ကမ်းကိုမကျော်နိုင် ကြသလို လောကမှာ အလွန်ကြောက်စရာကောင်း တဲ့ လှိုင်းလုံးကြီးတွေ၊ လောကဓံလှိုင်းလုံးကြီးတွေ သီလ, သမာဓိ, ပညာ ကမ်း(၃)ခုကောင်းတဲ့ ပုဂ္ဂိုလ်ကို မလွှမ်းနိုင်ကြပါ။

ဒီလိုဆို ဒီကမ်း(၃)ခုကလဲ နေ့စဉ် သာသနာ ရတနာကြောတွေ့ခိုက် လေ့ကျင့်တည်ဆောက် မြှင့်တင်ပေးကြရမှာပေါ့။

* * *

http://www.dhammadownload.com

# တရားနဲ့နှုတ်မှ ဒုက္ခလျော့မယ်

ဝီရိယေနဒုက္ခမစ္စေတိ၊ ကိုယ်ပိုင်အလုပ်၊ နောက်မဆုတ်ပဲ၊ အားထုတ်ကြိုးပမ်း၊ လုံ့လစွမ်းဖြင့်၊ အိုနာသေမှု ဆင်းရဲစုကို လွတ်အောင် ရုန်းရမယ်။

ဒုက္ခက အသက်ကြီးရုံနဲ့ သူ့ဟာသူလျော့ သွားတာမှ မဟုတ်ပဲ၊ ဒုက္ခဆိုတာ အချိန်ကုန်ရုံ လေးနဲ့ သူ့ဟာသူ နောက်ဆုတ်သွားကြတာမှ မဟုတ်ပဲ၊ တရားနဲ့နှုတ်မှ သူတို့လျော့ကြမှာပေါ့၊ တရားနဲ့ဖယ်ရှားမှ သူတို့က ကုန်ကြမှာပေါ့။

တရားဆိုတဲ့နေရာမှာလဲ မှန်ကန်တဲ့ သမ္မာ ဝါယမ, ဝီရိယကို သုံးရမယ်၊ သတိ, ပညာမပါတဲ့ ဝီရိယကတော့ အားတွေဘေးထုတ်ပစ်တာမို့ ဒုက္ခ တွေမလျော့ပဲ တိုးရုံသာတိုးလာကြလိမ့်မယ်၊ သတိ, ပညာအထိန်းပါတဲ့ ဝီရိယကသာ အားကို အတွင်း

http://www.dhammadownload.com



မှာထုတ်ယူပြီးတော့ ထားနိုင်တဲ့အတွက်ကြောင့် ဆင်းရဲဒုက္ခတွေ နောက်ဆုတ်ပြီး လျော့သွားကြမယ်။

* * *

http://www.dhammadownload.com

# အလုပ်များတယ်, မမောဘူး

အားထုတ်တယ်ဆိုတာ (၂)မျိုးရှိတယ်၊ အားကို ဘေးထုတ်ပစ်ခြင်း၊ အားကို အတွင်းမှာထုတ်ယူခြင်း။

အိမ်တွင်းမဂ္ဂင်, လူ့ကျင့်စဉ်မှာလာတဲ့ ဝီရိယဆိုတာ အားကို ဘေးမှာထုတ်မပစ်ရဘူး၊ ထေရီကာအိမ်ရှင်မ ထမင်းချက်တာကြည့်လေ၊ ထမင်းချက်တာ နိဗ္ဗာန်ရောက်ကြောင်းကြီးပါလား၊ ဒါဟာအားကို ဘေးမှာထုတ်မပစ်ဖူးဗျ၊ အတွင်းမှာထုတ်ယူတာ။

ထမင်းချက်တာဒါန၊ ထမင်းချက်တာသီလ၊ ထမင်းချက်တာ သမာဓိဝိပဿနာ ပညာပဲ ဆိုတဲ့တရားပုံစံနဲ့ အားကို အတွင်းမှာထုတ် ယူတာ၊ မမောဘူးဗျ။

http://www.dhammadownload.com



အဲသလိုပုဂ္ဂိုလ်မျိုးဟာ အလုပ်များတယ်၊ မမောဘူး၊ အလုပ်များတယ်၊ မရှုပ်ဘူး၊ အလုပ်များတယ် မပူဘူး၊ အလုပ်များတယ်၊ မလေးဘူးဗျ။

မဂ္ဂင်ယာဉ်ပေါ်ကသွားတဲ့ပုဂ္ဂိုလ် အလုပ်သာများတယ်၊ မလေးဘူး၊ မပူဘူး၊ မရှုပ်ဘူးဗျ၊ အလုပ်တွေခလုတ်မတိုက်ဖူး၊ ၁ မိနစ်နဲ့ လုပ်ရမယ့် အလုပ် ၁ မိနစ်နဲ့ ရှင်းကနဲပြီးတယ်ဗျ၊ နာရီဝက် လုပ်ရမယ့်အလုပ် နာရီဝက်နဲ့ ရှင်းကနဲပြီးတယ်၊ စွမ်းအားလဲကျန်တယ်၊ အလကားကုန်မသွားဘူး၊ ဒါကြောင့် အားကိုအတွင်းမှာထုတ်ယူပါ။

* * *

http://www.dhammadownload.com

# ဒုက္ခလွန်မြှောက်အောင်ရှုန်းပါ

ကိုယ်ပိုင်အလုပ် နောက်မဆုတ်ပဲ အားထုတ်ကြိုးပမ်း၊ လုံ့လစွမ်းဖြင့်၊ ဒုက္ခကိုလွန်မြှောက်အောင်ရုန်းပါ၊ ဒုက္ခဆိုတာ မိမိတို့ရထားတဲ့ ခန္ဓာကိုယ်ကြီးကကို ဒုက္ခကိုး၊ ရထားတာ ဒုက္ခသစ္စာထုပ်ကြီးပဲ။

လူတွေကပြောကြတယ်လေ၊ ပိုက်ဆံပေါရင် ချမ်းသာမှာ၊ ပစ္စည်းတွေပေါရင် ချမ်းသာမှာတဲ့၊ ကောင်းပြီ၊ အဲဒီချမ်းသာလို့ သမုတ်ထားတဲ့ ရုပ်ဝတ္ထုပစ္စည်းတွေကို သာသနာ့ဓာတ်ခွဲခန်းထဲ ထည့်ကြည့်ပါ၊ ဒုက္ခသစ္စာလို့ပဲ အဖြေထုတ်ပါတယ်ဗျ၊ သုခလို့ အဖြေ မထုတ်ပါဘူး။

"ဘယ်သူက အရမ်းချမ်းသာတာဗျ"

"ဘာလို့တုန်းဗျ"

http://www.dhammadownload.com



"အို- သူက သိန်းတစ်ရာ၊ သိန်းတစ်ထောင် လောက်တောင်ရှိမှာ"

"ကောင်းပြီ၊ သာသနာ့ဓာတ်ခွဲခန်းထဲထည့် ပြီး အဖြေထုတ် ကြည့်တာပေါ့ဗျာ"

ထည့်ကြည့်လိုက်တယ်၊ ဒုက္ခသစ္စာတဲ့ဗျ၊ ဒီလိုဆိုတော့ သိန်းတစ်ရာရှိတဲ့ ပုဂ္ဂိုလ်ဟာ ဒုက္ခ သစ္စာပေါင်း သိန်းတစ်ရာကို ကိုင်ထားရတာဖြစ် သောကြောင့် သိန်းတစ်ရာတန် ဆင်းရဲသားဖြစ်သွား နိုင်ပါတယ်၊ သိန်းတစ်ထောင်ရှိတဲ့ပုဂ္ဂိုလ်သည် အိမ်တွင်းမင်္ဂလာ့လူ့ကျင့်စဉ် ယာဉ်ပေါ်ကို တင်မပေး နိုင်ဘူးဆိုရင် ဒုက္ခသစ္စာပေါင်း သိန်းတစ်ထောင်ကို ကိုင်ထားရတာဖြစ်သောကြောင့် သိန်းတစ်ထောင် တန် ဆင်းရဲသားစာရင်းထဲ ပါသွားနိုင်ပါတယ်။

တရားမပါရင် မချမ်းသာကြပါဘူး၊ ရှိတာက တခြားပါ၊ ချမ်းသာတာက တခြားပါ၊ ချမ်းသာဖို့ ရှေ့တက်ကြရပါသေးတယ်၊ လူချမ်းသာရဲ့ အနှစ် ချုပ်သည် စိတ်သန့်ရှင်းစင်ကြယ်မှုသာ အဓိကပါ။

* * *

http://www.dhammadownload.com

# ဉာဏ်မျက်လုံးနဲ့တွေ့တာမဟုတ်ရင်

ဘုရားလက်ထက်က တောဒေယျဆိုတဲ့ ပုဏ္ဏားသူဌေးတစ်ယောက် ရှိခဲ့ဖူးပါတယ်၊ ငွေဒင်္ဂါး ၈၇ ကုဋေ၊ သိန်းပေါင်း (၈၇၀၀) ကြွယ်ဝပါတယ်။

သူနေရတဲ့နေရာကလဲ ဘုရားသီတင်းသုံးတဲ့ သာဝတ္ထိမြို့ဖြစ်တော့ လမ်းမှာ ဘုရားနဲ့လဲ မကြာ မကြာတွေ့တတ်တယ်၊ သို့သော် ကံမျက်လုံးနဲ့သာ တွေ့တာ၊ ဉာဏ်မျက်လုံးနဲ့တွေ့တာမဟုတ်တော့ သာသနာနဲ့တွေ့တာမဟုတ်။

သံဃာတွေနဲ့လဲ တွေ့ပါတယ်၊ သို့သော် ကံမျက်လုံးနဲ့သာတွေ့တာ၊ ဉာဏ်မျက်လုံးနဲ့တွေ့ တာမဟုတ်၊ ဘုရားနဲ့တွေ့၊ စိတ် ကောင်းဆိုးသေး၊

http://www.dhammadownload.com



ပစ္စည်း ၈၇ ကုဋေ၊ သိန်းပေါင်း (၈၇၀၀) ကြွယ်ဝပေမယ့် သဒ္ဓါတရားလဲမရှိ၊ ပညာတရားလဲ မရှိ၊ မေတ္တာတရားလဲမရှိ၊ အားကို အတွင်းမှာ ထုတ်ယူနိုင်တဲ့စွမ်းအား ဘာတစ်ခုမှမပါ၊ သူ့ပစ္စည်း တွေဟာ သာသနာအတွက်လဲ အကျိုးမရှိ၊ လောက အတွက်လဲ အသုံးမဝင်၊ ကိုယ့်မိသားစုတောင် ဝအောင်မကျွေးချင်၊ ကိုယ့်ဟာကိုယ်တောင် မကြည် ဖြူ။

ပစ္စည်းတွေကို ငါ့ဟာ, ငါ့ဟာနဲ့ ဆုပ်ကိုင် ထားလိုက်တာ စုတေပြတ်ကြွေ ကွယ်လွန်တော့ သူ့အိမ်ထဲ ခွေးကြီးဖြစ်သတဲ့ဗျ၊ အဲဒါ ချမ်းသာ တာမဟုတ်ပဲ သိန်းပေါင်း (၈၇၀၀)တန်တဲ့ ဆင်းရဲ သားကြီးပါလား၊ ၈၇-ကုဋေတန်တဲ့ ဆင်းရဲသား ဆိုတာ အဲဒါပြောတာ။

* * *

http://www.dhammadownload.com

# ချမ်းသာတာနဲ့ရှိတာတခြားစီ

ဒါကြောင့် သာသနာက ချမ်းသာတာနဲ့ရှိတာ တခြားစီပါ၊ ဒါပေမယ့် လူတွေက လောဘကြီး ပြီးပြောတာလေ၊ ဘယ်သူက ဘယ်လောက်ချမ်း သာတာ စသည်ဖြင့်ပေါ့။

သာသနာကတော့ ရှိတယ်ပြောရင် ကျေနပ် ပါဦး၊ ချမ်းသာဖို့ တစ်ဆင့်တက်စရာ ကျန် သေးတယ်၊ အိမ်တွင်းမဂ္ဂင် လူ့ကျင့်စဉ် လမ်း ကြောင်းပေါ် မရောက်သေးရင် ချမ်းကိုမချမ်း သာဘူး၊ ဒုက္ခသစ္စာထုပ်ကြီး ကိုင်တုန်းပါသေး။

သူ့ကြောင့်မငိုရဘူး မပြောနိုင်သေးဘူး၊ သူ့ကြောင့် မရူးရဘူး မပြောနိုင်သေးဘူး၊ လောက မှာ ပစ္စည်းကြောင့် ဒုက္ခရောက်ကြရတာတွေ၊ ခန္ဓာကြောင့် ဒုက္ခရောက်ကြရတာတွေ အများ ကြီးပါ။

http://www.dhammadownload.com



ဒါကြောင့် အားကို အတွင်းမှာ ထုတ်ယူထားနိုင်တဲ့ သတိပညာအထိန်းပါတဲ့ ဝီရိယလေးနဲ့ စွမ်းအားကို ဖော်ထုတ်ပေးနိုင်မယ်ဆိုရင် ပစ္စည်းက ကိုယ့်ကို ချမ်းသာအောင်လုပ်ပေးမှာပေါ့။

* * *

http://www.dhammadownload.com

# သုံးမလား၊ ဖြုန်းမလား၊ နိပ်စက်တာခံမလား

ပစ္စည်းတိုင်းက ကိုယ့်ကိုမေးပါတယ်၊ သုံးမလား၊ ဖြုန်းမလား၊ နှိပ်စက်တာခံမလား၊ စကား(၃)ခွန်းမေးပါတယ်။

အိမ်တွင်းမင်္ဂလာ လူ့ကျင့်စဉ် လမ်းကြောင်းပေါ် ရောက်နေတဲ့ ပုဂ္ဂိုလ်များက သုံးမယ်လို့အဖြေ ထုတ်ပါတယ်၊ ကုန်သွားတဲ့အထဲက မကုန်တဲ့တရား ကျန်ရမယ်ပေါ့။

ဒုက္ခသစ္စာထုပ်ဖြစ်တဲ့ ခန္ဓာကြီးကလဲ ထို့အတူပဲ စကား(၃)ခွန်း မေးပါတယ်၊ သုံးမလား၊ ဖြုန်းမလား၊ နှိပ်စက်တာခံမလား။

F.5A

http://www.dhammadownload.com



အိမ်တွင်းမင်္ဂလင်၊ လူ့ကျင့်စဉ်လမ်းကြောင်းပေါ် ရောက်နေတဲ့ ပုဂ္ဂိုလ်များက သုံးမယ်လို့ အဖြေပေး ပါတယ်။

ခန္ဓာသည် အိုထုပ်၊ နာထုပ်၊ သေထုပ်ကြီးပါ၊ သို့သော် မင်္ဂလင်လမ်းကြောင်းပေါ်၊ မင်္ဂလင်ယာဉ်ပေါ် တင်ပေးတဲ့ ခန္ဓာက သက်လဲသက်သာတယ်၊ စွမ်းအားလဲရတယ်၊ အဖိုးလဲတန်တယ်။

* * *

F.58

http://www.dhammadownload.com

# အသက်ကယ်ဆေးဖြစ်ရလေအောင်

လောကမှာ မြွေဆိပ်ကြည့်ပေါ့၊ မြွေဆိပ်သည် မြွေသန္တာန်မှာ ရှိနေစဉ် မြွေကကိုက်လိုက်တော့ အဆိပ်ထိခံရတဲ့ လူ စတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ အသက်ဆုံးရှုံးသည်အထိ ဒုက္ခရောက်တတ်ကြပါတယ်။

အဲဒီမြွေကို စနစ်တကျဖမ်းယူ၊ အဆိပ်ကို စနစ်တကျထုတ်ယူ၊ ဓာတ်သဘာဝတွေနဲ့ ဆေးအဖြစ် ဖော်စပ်လိုက်စမ်း၊ မြွေဆိပ်က အဆိပ်ပြေဆေးဖြစ်သွားတယ်၊ အသက်ကယ်ဆေးဖြစ်သွားတယ်။

ဒါမျိုးလိုပေါ့၊ ကိုယ်ရထားတဲ့ခန္ဓာကြီးသည် အိုထုပ်ကြီးပါ၊ နာထုပ်ကြီးပါ၊ သေထုပ်ကြီးပါ၊ ဟောဒီအိုထုပ်၊ နာထုပ်၊ သေထုပ်ကြီးကို တရား

http://www.dhammadownload.com



ယန္တရား(၄)ချက်ပေါ်မှာ တင်ပြီးတော့ အိမ်တွင်း မဂ္ဂင် လှူ့ကျင့်စဥ် ယန္တရားပေါ်မှာ တင်သုံးလိုက်တဲ့အခါမှာ မအိုကြောင်းတရားကောင်းတွေ ခန္ဓာကထုတ်ပေးမယ်၊ မနာကြောင်းတရားကြောင်းတွေ ခန္ဓာကထုတ်ပေးမယ်၊ မသေကြောင်းတရားကောင်းတွေ ခန္ဓာကထုတ်ပေးမယ်၊ ကိုယ်က အားကိုထုတ်ယူပြီး အတွင်းမှာ စုဆောင်းတတ်ဖို့ပဲ အရေးကြီးပါတယ်၊ အတွင်းမှာထုတ်ယူဖို့က သတိ, ပညာလိုတယ်ပေါ့။

* * *

http://www.dhammadownload.com

# သတိသည် ပင်မခလုတ်

ပညာယ ပရိသုဒ္ဓျတိ၊ မှန်ကန်တဲ့ သမ္မာဒိဋ္ဌိမျက်လုံးလို့ခေါ်ဆိုရတဲ့ သမ္မာဒိဋ္ဌိပညာဖြင့် သန့်ရှင်းစင်ကြယ်စေတယ်၊ စိတ်ရဲ့အညစ်အကြေးအပူအခိုးအငွေ့တွေလဲ အကုန်စင်ကြယ်တယ်၊ အစွဲတွေလဲ အကုန်စင်ကြယ်တယ်၊ နောက်ဆုံးတော့ ဆင်းရဲအပူအညစ်အရှုပ်အားလုံး သန့်ရှင်း စင်ကြယ်ပြီး ဒုက္ခခပ်သိမ်းလွတ်ငြိမ်းရမှာပေါ့၊ မှန်ကန်တဲ့ ပညာမျက်လုံး ရထားကြတာကိုး။

အပ္ပမာဒသတိဆိုတာက ယခုလိုညအခါ လျှပ်စစ်မီးလင်းဖို့ ပင်မခလုတ်နဲ့တူပါတယ်၊ သဒ္ဓါတရားက ခတ်ကြိုးနဲ့တူပါတယ်၊ ဝိရိယက အနားမှာရှိတဲ့ မီးခလုတ်နဲ့တူပါတယ်၊ ပညာဆိုတာက ပင်မခလုတ်ကိုနှိပ်၊ ခတ်ကြိုးနဲ့ဆက်သွယ်၊

http://www.dhammadownload.com



အနားက မီးခလုတ်ကို နှိပ်လိုက် (ဖွင့်လိုက်)လို့ လင်းလာတာနဲ့ တူပါတယ်။

အဝိဇ္ဇာအမှောင်ကြီးက အင်မတန်ထူတယ်ဗျ၊ ဒါကြောင့် ပညာအလင်းရောင်နဲ့ ညှိထွန်းပေးလိုက်မှ ကံအရှိ ရှင်းကနဲမြင်ရတယ်၊ ခန္ဓာအရှိ ရှင်းကနဲ မြင်ရတယ်၊ ရုပ်နာမ်အရှိ ပြတ်သားစွာမြင်ရပါတယ်။

- **အပ္ပမာဒ၊ မြတ်ဓမ္မ၊ ပင်မခလုတ်မည်၊ အပ္ပမာဒက ပင်မခလုတ်ပါ။**
- **ဓာတ်ကြိုးပမာ၊ ဆက်သွယ်ကာ၊ သဒ္ဓါကောင်းရသည်၊**

ဓာတ်ကြိုးပမာ ဆက်သွယ်ပေးသော သဒ္ဓါတရား၊ သဒ္ဓါတရားကဓာတ်ကြိုးနဲ့တူတယ်ဗျ၊ ကံနဲ့ ကံရဲ့အကျိုး ဆက်သွယ်ပေးတယ်ဗျ၊ စွမ်းအားနဲ့ အလုပ် ဆက်သွယ်ပေးတယ်ဗျ၊ အလုပ်နဲ့ အလုပ်ရဲ့ အစွမ်းသတ္တိ ခံစားခွင့်အကုန်လုံး ဆက်သွယ်ပေးတယ်ဗျ၊ ဒီဘဝနဲ့ နောက်ဘဝ ဆက်သွယ်ပေးတယ်ဗျ၊ လောကုတ္တရာနဲ့ အကုန်ဆက်သွယ်ပေးတယ်ဗျ၊ အားလုံး ဆက်သွယ်ရေးတာဝန်ယူရတာမို့ သူက ဓာတ်ကြိုးနဲ့တူတယ်၊ ပညာနဲ့လဲ ဆက်သွယ်

http://www.dhammadownload.com



တာမို့ ပညာအလင်းရောင် လင်းသွားအောင်လို့ သူက ခါတ်ကြိုးပမာ ဆက်သွယ်ပေးရတယ်။

* ခါတ်ကြိုးပမာ၊ ဆက်သွယ်ကာ၊
  သဒ္ဒါကောင်းရသည်၊
* ဝီရိယမှာ၊ ခလုတ်သာ၊
  ကောင်းစွာနှိပ်ရသည်၊

အိမ်ထဲ ကျောင်းထဲ ဓမ္မာရုံထဲမှာရှိတဲ့ လျှပ်စစ်မီးခလုတ်တွေ၊ တစ်ခါတစ်ရံ အနှိပ်မှား၊ အနှိပ်လွန်လို့ ခလုတ်ကျိုးသွား၊ မီးကမလင်းတော့ဘူး။

ဒါမျိုးလိုပေါ့၊ ဝီရိယအားတွေ အပြင်ထုတ်ပစ်တယ်၊ ခလုတ်ကျိုးအောင် နှိပ်ရင်တော့ ပညာမီးရောင် လင်းမှာမဟုတ်ဖူး၊ ခလုတ်မကျိုးစေနဲ့၊ ခလုတ်ကိုနှိပ်လဲနှိပ်၊ ကျိုးအောင်လဲ နှိပ်မပစ်လိုက်နဲ့၊ ဒီလိုဆို ပညာမီးရောင်လင်းမှာပါ။

ထမင်းချက်တာ နိဗ္ဗာန်ရောက်ကြောင်းပေါ့၊ ဈေးရောင်းတာ နိဗ္ဗာန်ရောက်ကြောင်းပေါ့၊ လမ်းသွားတာ နိဗ္ဗာန်ရောက်ကြောင်းပေါ့၊ အကုန်လုံး အိမ်ထဲကအလုပ်တွေ တရားနဲ့ပေါင်းမိသွားမှာပါ။

* ဝီရိယမှာ၊ ခလုတ်သာ၊
  ကောင်းစွာနှိပ်ရသည်၊

http://www.dhammadownload.com



* ပညာမီးရောင်၊ ထွန်းလင်းပြောင်၊
မြင့်ခေါင်လူ့စွမ်းရည်၊

ပညာမီးရောင်လင်းမှ လူ့စွမ်းရည်မြင့်သွားတယ်၊ နိုင်ငံခြားသားတွေက ပြောတယ်၊ ကမ္ဘာ အချမ်းသာဆုံးလူတွေက ဒီမှာ (မြန်မာနိုင်ငံမှာ) စုနေကြတာပဲတဲ့၊ ပိုက်ဆံပေါတာပြောတာမဟုတ်ပါဘူး၊ ပစ္စည်းပေါတာပြောတာ မဟုတ်ပါဘူး၊ စိတ်ချမ်းသာအောင်နေတတ်တာပြောတာပါ၊ ဟာ–ကနဲဖြစ်သွားရင် အစားထိုးစရာရှိတယ်လေ၊ ရတနာသုံးပါးရှိတယ်၊ သာသနာရှိတယ်၊ ဘိုင်းကနဲလဲသွားရင် ထူပေးစရာ တရားရှိတယ်။

* ပညာမီးရောင်၊ ထွန်းလင်းပြောင်၊
မြင့်ခေါင်လူ့စွမ်းရည်၊

ကိုယ်စိတ်တိုင်းမကျတဲ့အခါ အို–သူလဲ သူ့ကံနဲ့သူပဲ၊ ငါလဲ ငါ့ကံနဲ့ငါပဲ သဘောထားရင် စိတ်ထဲအေးသွားသကိုဗျ၊ ငါ့ခန္ဓာတောင်မှ နေရာတိုင်း၊ ကိုယ့်အလိုအတိုင်းမဖြစ်တဲ့ အနတ္တကြီးပဲ၊ သူ့ခန္ဓာကော၊ ကိုယ့်အလိုအတိုင်း ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲလို့ တွေးရင် စိတ်ထဲမှာ အေးသွားတယ်ဗျ။

ကယောင်ကတမ်းနဲ့ အဆိပ်သောက်စရာလဲ မလိုဘူး၊ အရက်တွေ သောက်စရာလဲမလိုဘူး၊

http://www.dhammadownload.com



မူးယစ်ဆေးဝါးတွေ မှီဝဲသုံးစွဲစရာလဲ မလိုဘူး ဗျ၊ အဲသလို တရားလေးနဲ့ အစားထိုးစရာရှိတဲ့စွမ်းအားလေးနဲ့ ချမ်းသာအောင်နေတတ်တဲ့ အတွက်ကြောင့် ကမ္ဘာ့အချမ်းသာဆုံးလူတွေက (ဗုဒ္ဓ)သာသနာရှိတဲ့ တိုင်းပြည်မှာ နေနိုင်ကြတယ်တဲ့ဗျာ။

* အပ္ပမာဒ၊ မြတ်မေ့၊ ပင်မခလုတ်မည်၊
* ဓာတ်ကြိုးပမာ၊ ဆက်သွယ်ကာ၊ သဒ္ဓါကောင်းရသည်၊
* ဝီရိယမှာ၊ ခလုတ်သာ၊ ကောင်းစွာနှိပ်ရသည်၊
* ပညာမီးရောင်၊ ထွန်းလင်းပြောင်၊ မြင့်ခေါင်လူ့စွမ်းရည်၊
* အိမ်တွင်းမင်္ဂလာ၊ လူ့ကျင့်စဉ်၊ အမြင်ထူးခြားသည်၊

ဒါကြောင့် ဘဝပင်လယ်ကူးနိုင်တဲ့တရား (၄)ခုက

* ယုံကြည်သဒ္ဓါ၊ ရှိမှသာ၊ လေးဖြာဩဃလွန်မြောက်သည်၊
* ကုသိုလ်ပုည၊ မမေ့က၊ ဘဝပင်လယ်ကူးနိုင်သည်၊

http://www.dhammadownload.com



ကုသိုလ်မမေ့ရင် ဘဝပင်လယ်ကူးနိုင်ပါတယ်တဲ့၊ ကမ်း(၃)ခုလဲ တည်ဆောက်နိုင်တယ်ပေါ့။

* လုံ့လကိုင်စွဲ၊ အားထုတ်မြဲ၊
ဆင်းရဲကျော်လွန်သည်၊

အားကိုဘေးထုတ်မပစ်ပဲ အတွင်းကိုထုတ်ယူနိုင်တဲ့ စွမ်းအားပေါ်လာရင် ဆင်းရဲဒုက္ခတွေ လွတ်ကြမှာ သေချာပါတယ်။

* အသိပညာ၊ ရှိမှသာ၊
ကောင်းစွာသန့်ရှင်းသည်၊

သမ္မာဒိဋ္ဌိပညာမျက်လုံးတစ်ခု ရထားတာကိုက တန်ဖိုးမဆုံးဖြတ်နိုင်ဘူးဗျ၊ ပိုက်ဆံပေးဝယ်လို့လဲ မရပါဘူး။

သမ္မာဒိဋ္ဌိမျက်လုံးတစ်ခုရထားရင် အကုသိုလ်ကို ရဲရဲရှောင်ရဲကြတာပေါ့၊ ကုသိုလ်တွေလုပ်ရဲကြတာပေါ့၊ ခန္ဓာအရှိ ဉာဏ်နဲ့ကြည့်ပြီးမှ အစွဲလေးတွေလျော့၊ အပူလေးတွေခွာ၊ အို,နာ,သေ ထက်၊ ကိုယ်က လက်ဦးအောင် စွမ်းအားတွေယူလို့ အင်အားတွေကို ထုတ်လုပ်နိုင်ကြတာပေါ့။

* ယုံကြည်သဒ္ဓါ၊ ရှိမှသာ၊
လေးဖြာဩဃလွန်မြောက်သည်၊

http://www.dhammadownload.com



- ကုသိုလ်ပုည၊ မမေ့က၊
  ဘဝပင်လယ်ကူးနိုင်သည်၊
- လုံ့လကိုင်စွဲ၊ အားထုတ်မြဲ၊
  ဆင်းရဲကျော်လွန်သည်၊
- အိမ်တွင်းမဂ္ဂင်၊ လူ့ကျင့်စဉ်၊
  အမြင်ထူးခြားသည်။

* * *

## ခေါင်းတွဲလဲကောင်းမှ၊ ဘီးလဲကောင်းမှ

သတိဆိုတဲ့တရားနဲ့ ပညာဆိုတဲ့တရားက ဘဝရဲ့ချိန်သီးလို့ ခေါ်တယ်၊ ဘဝမတိမ်းစောင်းအောင် ထိန်းပေးနိုင်တဲ့ချိန်သီး၊ သဒ္ဓါနဲ့ ဝီရိယက ဘဝရဲ့လက်တံလို့ခေါ်တယ်။

ဘဝယန္တရားလည်ပတ်တဲ့အခါ အချည်းနှီးဆိုတာ မရှိရဘူး၊ အန္တရာယ်ဖြစ်တဲ့ လည်ပတ်ခြင်းလဲမရှိရဘူး၊ ကောင်းကျိုးပြုလည်ပတ်ခြင်းပဲဖြစ်ရမယ်၊ ကိုယ်လုပ်တဲ့အလုပ်သည် ကိုယ့်ကိုပြန်ကယ်တင်ပေးမယ့် စွမ်းအားတွေပဲ ပေါ်လာရမယ်၊

http://www.dhammadownload.com



အဲဒီလိုဖြစ်နိုင်ဘို့ လည်ပတ်ပြီးပေးသော လက်တံ နှစ်ချောင်းပါ။

တစ်နည်းအားဖြင့် ချိန်သီးဆိုတာ ခေါင်းတွဲ၊ မျက်လုံးနဲ့တူတယ်ပေါ့၊ သဒ္ဓါနဲ့ ဝီရိယက ဘီးနဲ့တူတယ်ပေါ့၊ မော်တော်ကားမည်သည် ဘီးပင်ကောင်း သော်လဲ ခေါင်းတွဲမကောင်းရင် မောင်းလို့မရဘူး ပေါ့၊ ခေါင်းတွဲပင်ကောင်းသော်လဲ ဘီးမရှိရင် ဘီးမတပ်ရင် မောင်းလို့ရမှာမဟုတ်ဖူးပေါ့။

ဘဝလဲဒါမျိုးပါပဲ၊ ခေါင်းတွဲလဲကောင်းမှ၊ ဘီးလဲကောင်းမှ၊ အထိန်းလဲကောင်းမှ၊ လက်တံလဲ ကောင်းမှ၊ ဒါမှသာ အဖိုးတန်တဲ့ စွမ်းအားရမယ်၊ အသက်ကလေးက အင်မတန်ကို တိုလွန်းအားကြီး တော့၊ အချိန်ထိန်းကိရိယာ၊ အာရုံထိန်းကိရိယာ လေး တပ်ဆင်ပြီးတော့ ခပ်သုတ်သုတ်လေး ကြိုး စားကြမှ စွမ်းအားလဲမြန်မြန်ရကြမယ်၊ အပူပေါလှ တဲ့လောကထဲမှာ ငြိမ်းအေးစွာလဲ နေတတ်ကြမယ်၊ ရှိတာနဲ့ တွေ့တာနဲ့ အဆင်ပြေအောင်လဲနေတတ် ကြမယ်။

* * *

http://www.dhammadownload.com

# တရား(၄)ပါးပျောက်သွားတော့

သတိ, ပညာ, သဒ္ဓါ, ဝီရိယတရား(၄)ပါး ပျောက်သွားပြန်တော့ လူဟာ တစ်မျိုးကြီးဖြစ်သွား ပါတယ်၊ ဒါကြောင့် သဒ္ဓါပျောက်တော့ ခြောက်ကပ်ကပ်။

သဒ္ဓါတရားပျောက်သွားရင် လူဟာ ခြောက်ကပ်ကပ်ကြီးဖြစ် သွားတယ်၊ ထည်ဝါစေနိုင်သော စွမ်းအားများ အကုန်ခမ်းခြောက်သွားပြီ ဖြစ်တဲ့အတွက် သူဟာ ခြောက်ကပ်ကြီးဖြစ်သွားတယ်၊ အာမခံနိုင်တဲ့စွမ်းအားတွေလဲ အကုန်ပျောက်ပြယ်သွားတယ်။

သတိပျောက်တော့ ရှုးတူးတူး၊ သတိပျောက်သွားရင် ရူးတယ်၊ အရူးလေးချင်းထပ်သွားရင် အရူးကြီးလဲဖြစ်တတ်တယ်ပေါ့၊ မတော်တဆတွေ

http://www.dhammadownload.com



များတယ်၊ အလေအလွင့်တွေသိပ်များတယ်ပေါ့ အချိန်နဲ့ အင်အားဖြုန်းတီးမှုတွေ သိပ်များတယ်၊

ဝီရိယပျောက်တော့ နတတ၊ ဝီရိယပျောက်သွားတဲ့အခါ ကိုယ့်လက်တစ်ကမ်းမှာ ကိုယ့်ကိုကယ်တင်ပေးနိုင်သောစွမ်းအားတွေ တန်းစီနေကြပါရက်သားနဲ့ ဝီရိယနဲ့မထုတ်နိုင်တဲ့အတွက် စွမ်းအားတွေ လက်လွတ်တတ်တာဖြစ်သောကြောင့် န,ပါတယ်တဲ့။

ပညာပျောက်တော့ အတတ၊ ပညာပျောက်ရင် အ,ပါတယ်၊ ကိုယ့်ဟာကိုယ်တောင်မှ အလိမ်ခံရတယ်၊ ဟန်တွေသိပ်များသွားတယ်၊ အမှန်တရားတွေပေါ်မလာတတ်ဖူး၊ အလှူလုပ်လဲ ဟန်အလှူများတတ်တယ်၊ ဥပုသ်စောင့်လဲ လူမြင်ကောင်းရုံဟန်လေးပဲလုပ်တတ်တယ်၊ တရားအားထုတ်လဲ လူမြင်ကောင်းရုံ ဟန်လေးပဲထိုင်ပြတတ်တယ်၊ အတွင်းအနှစ်မပါတတ်ဖူး၊ ပညာမပါရင် ကိုယ့်ဟာကိုယ် အကုန်လိမ်တာပဲ။

ကိုယ့်ဟာကိုယ်လဲ အလိမ်ခံရတယ်၊ အာရုံတွေလဲ အလိမ်ခံရတယ်၊ အနှစ်ပြည့်တဲ့အလုပ်ကိုလုပ်ကိုမလုပ်ဖြစ်ဖူး။

* * *

http://www.dhammadownload.com

# သာသနာကအမှန်သာသနာ

ဒါကြောင့် သာသနာတွင်းတွေ့ခိုက်မှာ ဟန်ဆိုတာ အလကားပဲ လေ၊ အမှန်ပဲလုပ်ရမှာပေါ့၊ သာသနာက အမှန်သာသနာပဲ၊ ဟန်မှမဟုတ်ပဲ။

ရတနာသုံးပါးကလဲ ဟန်ရတနာမှမဟုတ်ပဲ၊ အမှန်ရတနာပဲ၊ ခန္ဓာကလဲ ဟန်ခန္ဓာမှမဟုတ်ပဲ၊ အမှန်ခန္ဓာပါလား၊ အခု မိမိတို့ရထားတဲ့ လူ့ဘဝဟာ အရုပ်ကလေးမဟုတ်ပါဘူး၊ လူရုပ်ကလေးမဟုတ်ပါဘူး၊ တကယ့်လူအစစ်တွေပါဗျာ။

လူအစစ်ဖြစ်တာကြောင့် ဉာဏ်နဲ့ခွဲကြည့်လိုက်ပြန်တော့ ဒုက္ခသစ္စာထုပ်ကြီးအမှန်ပါ၊ အိုတော့လဲ အမှန်အတိုင်းအိုပါတယ်၊ ဟန်နဲ့ မအိုပါဘူးဗျ၊ နာတော့လဲ ဟန်နဲ့မနာပါဘူး၊ အမှန်အတိုင်း တကယ့်ကို နာတာပါဗျာ၊ သေတော့လဲ ဟန်နဲ့မသေပါဘူး၊ တကယ်ကိုသေတာပါ။

http://www.dhammadownload.com



အဲသလိုဆိုရင် ပညာရှိတဲ့ပုဂ္ဂိုလ်က ဘယ်, ကိုယ့်ဟာကိုယ် အ,အကြီးအဖြစ်ခံနိုင်မလဲဗျ၊ အရှိ,အရှိအတိုင်းမြင်အောင် ကြည့်ပြီးတော့ အားကိုးရမယ့်စွမ်းအားတွေကို အကွက်စေ့နေအောင် အားထုတ်ကြရမှာပေါ့။

ဒါကြောင့် ချိန်သီးနဲ့လက်တံ တပ်ဆင်ထားလိုက်ရင် အိမ်တွင်းမဂ္ဂင်၊ လူ့ကျင့်စဉ် အကုန်အကွက်စေ့ရော၊ မပူနဲ့တော့၊ အိပ်ရာထချိန်က အိပ်ရာဝင်ချိန်ထိ တစ်နေ့,တစ်နေ့ဟာ စွမ်းအားတွေတန်းစီလို့ဗျ၊ အမှားအယွင်းလဲနည်း၊ ပူလောင်မှုလဲသက်သာ၊ စွမ်းအားလဲရပေါ့။

- သတိပညာ၊ ချိန်သီးမှာ၊
  ကောင်းစွာတပ်ထားမှ၊
- လုံ့လသဒ္ဓါ၊ လက်တံမှာ၊
  မှန်စွာလည်ပတ်ကြ၊
- လူ့၏စွမ်းအား၊ မြတ်တရား၊
  စိတ်ထားကောင်းမှရနိုင်ကြ၊
- အိမ်တွင်းမဂ္ဂင်၊ လူ့ကျင့်စဉ်၊
  အမြင်ထူး၍စွမ်းအားရ၊

http://www.dhammadownload.com



ဟန်ကျတာပေါ့ဗျာ၊ သာသနာရတနာကြော ပေါ်ရောက်နေတဲ့ ပုဂ္ဂိုလ်တွေ ဘ၀ခန္ဓာပစ္စည်း တွေကို ကုန်ကြမ်းအဖြစ်သုံးပြီးတော့ ချမ်းသာ ကုန်ချော၊ စွမ်းအားတန်ခိုးကုန်ချောတွေ ထုတ်နိုင် ကြတာပေါ့၊ ဒါကြောင့်လဲ အရှင်တော်ကြတာပဲ၊ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ နိဗ္ဗာန်အထိလဲ ဦး တည်ကြရမယ်ပေါ့။

ဒါကြောင့် ကတပုညတံ–ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏ အဖြစ်ကို၊ ကတပုညတံ– အိမ်တွင်းမင်္ဂလာ, လူ့ကျင့်စဉ်ကြောင့်၊ အမြင့် ထူးခြား ကောင်းမှုများကို၊ ပဏ္ဍိတာ–ဘုရားအစရှိသောပညာ ရှိသူတော်ကောင်းတို့သည်၊ ပသံသန္တိ–ကောင်း စွာမသွေ၊ ချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့လျှင် အိမ်တွင်းမင်္ဂလာ၊ လူ့ကျင့်စဉ် တရား ကြားနာကြရတဲ့ ဓမ္မသဝနာမင်္ဂလာနဲ့ ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့် ဘေးရန် အပူခပ်သိမ်း လွတ်ငြိမ်းကြ၍ ကောင်းကျိုးချမ်း သာများ တိုးတက်ပြည့်စုံကြပြီးလျှင် ကျန်းကျန်း မာမာ၊ ချမ်းချမ်းသာသာ၊ ပျော်ပျော်ရွှင်ရွှင် အားကိုး စရာ ကောင်းမှုကိုယ်ပိုင်တရားများ တိုးပွားအောင်

http://www.dhammadownload.com



ကြိုးစားနိုင်လွယ်ကြလျက်၊ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ အသခ်တဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို လွယ်ကူသောအကျင့်၊ လျှင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ်၊ ရလွယ်နိုင်ကြပါစေကုန်သတည်း။

* * *

http://www.dhammadownload.com

# ကောင်းရာကိုရောက် သချာပေါက်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
(ယော)ဆရာတော်

*( သာသနာတော်နှစ် ၂၅၄၀ ပြည့်နှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၈–ခုနှစ်၊ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့၊ တနင်္ဂနွေနေ့တွင် ရန်ကုန်တိုင်း အလုံမြို့နယ်၊ သစ်တောလမ်း၊ ပါဠိတက္ကသိုလ် အောင်မင်္ဂလာစာသင်တိုက်ကြီးအတွင်း၌ လွန်ခဲ့သည့် သီတင်းကျွတ်လဆန်း(၆)ရက်နေ့က ဘဝနတ်ကျောင်း ပြောင်းရွှေ့စံတော်မူခဲ့ပြီးသော ကျေးဇူးတော်ရှင် သက်တော် ၇၆၊ သိက္ခာတော် ၅၆ ဝါ ရရှိတော်မူသော အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဝဟိုသံဃာ့ဝန်ဆောင်၊ ပါဠိတက္ကသိုလ် အောင်မင်္ဂလာ တိုက်သစ်ကျောင်းတိုက်ကြီး၏*

http://www.dhammadownload.com



*ဦးစီးပဓာနနာယက ပရိယတ္တိဝိသာရဒ ဘဒ္ဒန္တ တေဇိန္ဒာဘိဝံသ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်အပေါင်းကို အာရုံပြု၍ အန္တိမဈာပန သာဓုကီဠနပူဇာပွဲကြီး ပြုလုပ်အားထုတ်ကြရာအခါ၌ ဓမ္မပူဇာအဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်။ )*

http://www.dhammadownload.com

## စိတ်ကလေးကိုနေရာချပေးတာ

တရားနာကြတယ်ဆိုတာ တုံးနေတဲ့ မိမိရဲ့ အသိစိတ်ကလေးကို တရားကျောက်ပျဉ်ပေါ်တင်ပြီး ထက်နေအောင်သွေးပေးတာပါ၊ မနက် အိပ်ရာထချိန်ကနေ အိပ်ရာဝင်ချိန်အတွင်း အာရုံမျိုးစုံ ဟုတ်တဲ့အာရုံရော မဟုတ်တဲ့အာရုံရော ခုတ်ထစ်နေတဲ့ ဟောဒီအသိစိတ်ကလေးဟာ အာရုံမျိုးတွေစုံလာတော့ တုံးသွားတယ်၊ တုံးနေတတ်တယ်။

အသိစိတ်တုံးနေချိန်မှာ လက်တစ်ကမ်းမှာ ကုသိုလ်ဖြစ်ခွင့်တွေ တန်းစီနေပေမယ့် ကုသိုလ် မဖြစ်လိုက်ဘဲ လက်လွှတ်လိုက်ရတာတွေ အများကြီး၊ လက်ထဲမှာ ကုသိုလ်ထုပ်ကြီးတွေ ကိုင်ထားရက်သားနဲ့ ကုသိုလ်ထုပ်မှန်းမသိလိုက်ဖူး၊ လက်လွှတ်ဆုံးရှုံးရတာတွေ အများကြီး။

http://www.dhammadownload.com



ဒါကြောင့် မိမိအသိစိတ်ကို တရားကျောက်ပျဉ်ပေါ်တင်ပြီးမှ တရားနာကြားခြင်း၊ တရားနှလုံးသွင်းခြင်း၊ တရားဆင်ခြင်ခြင်းဖြင့် ထက်နေအောင် သွေးပေးတာ။

တရားနာကြတယ်ဆိုတာ အာရုံမျိုးစုံနဲ့ ရောပြီးနေတဲ့ စိတ်ကလေးကို ကိုယ်ပိုင်အလုပ်စတော့မယ်၊ စိတ်ကလေး ကိုယ့်နေရာကိုယ်နေပါလို့ နေရာချပေးတာလဲ ဖြစ်ပါတယ်။

အာရုံမျိုးစုံတွေထဲမှာ ပြေးလွှားနေရတဲ့ ညစ်နွမ်းပေကျံနေသော စိတ်ကလေးကို တရားရေစင်ရေအေးဖြင့် သန့်စင်သွားအောင် ဆေးကြောပွတ်တိုက် သုတ်သင်ရှင်းလင်းပေးခြင်းလဲ ဖြစ်ပါတယ်။

* * *

http://www.dhammadownload.com

## တရားစွမ်းအားကုန်ချောတွေဖော်ထုတ်ကြစို့

ပဓာနသုတ္တန်အခြေခံ၍"ကောင်းရာကိုရောက်သေချာပေါက်"ဆိုတဲ့ တရားနဲ့ ဆရာတော်ဘုရားကြီးရဲ့ သာသနာတော်အတွက် စွမ်းဆောင်တော်မူခဲ့တဲ့ ဂုဏ်ကျေးဇူးတော်အပေါင်းကို အာရုံပြုပြီးတော့မှ တရားဟောသူရော၊ တရားနာသူရော အားလုံးပူဇော်ကြမယ်၊ တရား စွမ်းအားတွေကိုလဲပဲ ရအောင်ယူကြမယ်။

ပရိယတ္တိသာသနာတော်အတွက် အလွန်တရာမှ အားကိုးရတဲ့ ဆရာတော်ဘုရားကြီး ဘဝနတ်ကျောင်း ပြောင်းရွှေ့စံတော်မူတယ်ဆိုတော့ သာသနာချစ်ခင်သူတွေအားလုံး၊ ပရိယတ္တိသာသနာ မြတ်နိုးသူတွေအားလုံး၊ သာသနာစွမ်းအားကို သိခွင့်ရသူတွေအားလုံး နှမြောကြရပါတယ်။

သို့သော်လဲပဲ သင်္ခါရရဲ့သဘောဆိုတာ ဘုရားတောင်မှ လွန်ဆန်နိုင်တာမဟုတ်တော့

http://www.dhammadownload.com



တရားစွမ်းအားနဲ့ဖြေပြီး တွေ့ရတဲ့အာရုံကို (လောက အပြောပြောတော့) ကုန်ကြမ်းအဖြစ်ယူ၊ သာသနာ့ လုပ်ငန်းစဉ် စက်ရုံထဲထည့်ပြီးတော့မှ တရားစွမ်း အားကုန်ချောတွေ ဖော်ထုတ်ကြရမယ်။

ဖော်ထုတ်လို့ရတဲ့ တရားစွမ်းအားဖြင့် ဆရာ တော်ဘုရားကြီးကိုလဲ ပူဇော်မယ်၊ မိမိတို့အတွက် လည်းပဲ စွမ်းအားကိုအရယူ၍ စိတ်ကြိုက် အသုံး ချပါ၊ ဘဝလွတ်မြောက်ရေးအတွက်၊ ဘဝလွတ် မြောက်ရေးအထိ ဦးတည်ပြီး လမ်းရှင်းကြရ မယ်ပေါ့။

စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု
အပ္ပဏ္ဏက ပဋိပဒံ ပဋိပန္နောဟောတိ
ယောနိစဿ အရဒ္ဓါဟောတိ အာသဝါနံ
ခယာယ

ဘိက္ခဝေ-ပရိသတ်လေးပါး ချစ်သားချစ် သမီးတို့၊ စတူဟိ- လေးပါးကုန်သော၊ ဓမ္မေဟိ- အကြောင်းတရား အကောင်းစားတို့နှင့်၊ သမန္နာ ဂတော-ကောင်းစွာလျော်ကပ်၊ ပြည့်စုံတတ် သော၊ ဘိက္ခု- ဘေးရန်အစ မြင်အောင်ရှုတတ် သူတော်မြတ်သည်၊ အပဏ္ဏကပဋိပဒံ-မဖောက်

http://www.dhammadownload.com



မပြန်၊ မှန်ကန်တည့်မတ်၊ အကျင့်မြတ်ကို၊ ပဋိပန္နော-ကောင်းစွာမချွတ်၊ ကျင့်သုံးတတ်သည်၊ ဟောတိ-ကောင်းစွာမသွေ ဖြစ်တတ်ပါပေ၏။

အဿ-ဘေးရန်အစ၊ မြင်အောင်ရှုတတ်၊ ထိုကဲ့သို့သော သူတော်စင်ဖြစ်သည့် ပုဂ္ဂိုလ်မြတ်သည်၊ အသဝါနံ-အာသဝလေးတန်၊ ကိုယ်တွင်းရန်တို့၏၊ခယာယ-ကုန်ရာကုန်ကြောင်းဖြစ်သော၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်အလို့ငှာ၊ ယောနိစ-အကြောင်းတရား အကောင်းစားကိုလည်း၊ အရဒ္ဓါ-ကောင်းစွာမချွတ် အားထုတ်အပ်သည်၊ ဟောတိ-ကောင်းရာကိုရောက် သေချာပေါက်ဟု၊ မကြောက်ရအောင်၊ စွမ်းအားဆောင်ကာ ကောင်းစွာမသွေ ဖြစ်ရပါပေတော့သတည်း။

* * *

# အကြောင်းတရားအကောင်းစားနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်

တရား(၄)ပါးနှင့်ပြည့်စုံတဲ့ အကြောင်းတရား အကောင်းစားတွေနှင့် ပြည့်စုံတဲ့၊ ဘေးရန်အစ

http://www.dhammadownload.com



မြင်အောင်ရှုတတ်တဲ့ သူတော်စင်ပုဂ္ဂိုလ်ဟာ သေချာပေါက်အကျင့်ကို ဖြည့်ကျင့်ကြိုးစား အားထုတ်နေသူပဲ။

အာသဝလေးတန် ကိုယ်တွင်းရန်တို့ ကုန်ရာကုန်ကြောင်း အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန် အထိရောက်အောင် ရည်သန်၍၊ ရှေ့နောက်ဆက်စပ်၊ သတိကပ်ကာ၊ လုံ့လတွေမြှင့်တင်ပြီး တကယ်တမ်း ကြိုးစားအားထုတ်နေသူပဲ။

အဲဒီစကားက ပဋိပတ်ကိုလဲပြတယ်၊ ပဋိဝေဓကိုလဲ ပြတယ်ပေါ့၊ ပဋိပတ်နဲ့ ပဋိဝေဓကို ပြောလိုက်တယ်ဆိုရင် အကြောင်းပရိယတ်ဆိုတာလဲ ပါတော့တာပါပဲ။

အဲဒီလေးပါးက ဘာလဲဆိုတော့

ဣဓဘိက္ခု ဝေဘိက္ခူ၊ သီလဝါဟောတိ

ဗဟုဿုတောဟောတိ၊ အာရဒ္ဓဝီရိယော ဟောတိ၊

ပညဝါဟောတိ

ဘိက္ခုဝေ-ပရိသတ်လေးပါး ချစ်သား ချစ်သမီးတို့၊ ဣဓ-ဤသာသနာတော်၌၊ ဘိက္ခု-ဘေးရန်အစု မြင်အောင်ရှုတတ် သူတော်မြတ်သည်၊ သီလဝါ-လူ၏အလှ၊ ဘဝစည်းကမ်း၊ သီလစွမ်း

http://www.dhammadownload.com



အား မြတ်တရားရှိသည်၊ ဟောတိ–ကောင်းစွာမသေ့ ဖြစ်တတ်ပါပေ၏။

ဗဟုဿုတော–များပြားလှစွာ၊ ကြားနာအပ်ပြီး၊ သုတရားရှိသည်၊ ဟောတိ–ကောင်းစွာမသေ့၊ ဖြစ်တတ်ပါပေ၏၊ အာရဒ္ဓဝီရိယော–ရှေ့နောက်ဆက်စပ်၊ သတိကပ်ကာ၊ ကောင်းစွာမပြတ်၊ အားထုတ်အပ်သော လုံ့လရှိသည်၊ အာရဒ္ဓဝီရိယော–အဆက်မပြတ်၊ အားထုတ်အပ်သော လုံ့လဝီရိယရှိသည်၊ ဟောတိ–မုချမသေ့ ဖြစ်တတ်ပါပေ၏။

ပညဝါ–ဟိုတွေးသည်တွေး၊ ကင်းစင်ဝေး၍၊ အတွေးမှန်ကန်၊ အသိဉာဏ်ဆိုသော တရားရှိသည်လည်း ဟောတိ–ကောင်းရာကိုရောက် သေချာပေါက်ဟု၊ မကြောက်ရအောင်၊ စွမ်းအားဆောင်ကာ၊ ကောင်းစွာမသေ့ ဖြစ်ရပါပေတော့သတည်း။

* * *

## အကြောင်းတရား (၄) ပါး

သုတ္တန်တရားဆိုတာကတော့ တရားနာကြသူတွေရဲ့ နားလည်နိုင်တဲ့ အသုံးအနှုံး၊ ဝေနေယျ

http://www.dhammadownload.com



သတ္တဝါများရဲ့ နှစ်ခြိုက်တဲ့စရိုက်၊ အနေအထား၊ အသုံးအနှုန်း စသည်တို့ကိုကြည့်ပြီး ဟောထားတာ ဆိုတော့ အသုံးအနှုန်းဝေါဟာရစကားဆိုတာ တစ်နေရာနဲ့တစ်နေရာ မတူကြ ဘူးပေါ့။

မတူကြငြားသော်လဲ အနှစ်ချုပ်ထုတ်လိုက်တဲ့အခါ လုပ်ငန်းစဉ်တွေကို ကောက်ချက်ချထုတ်ယူလိုက်တဲ့အခါ အတူတူပါပဲ၊ တစ်သားထည်းပေါ်လာတာပါပဲ။

ဤဒေသနာမှာ စကား(၄)ခွန်း အကြောင်းတရား(၄)ပါးလို့ ခွဲထားပေမယ့် အမှန်တော့ ပရိယတ္တိရယ်၊ ပဋိပတ္တိလို့ခေါ်တဲ့ သိက္ခာ (၃)ပါးရယ်၊ အသဝါနံခယာယ စကားလုံးအထိ ဦးတည်လိုက်တော့ ပဋိဝေဓရယ် သာသနာ(၃)ရပ် ပြတာပါပဲ။

သီလဝါဟောတိဆိုတာက သီလကိုပြတယ်၊ သီလလို့ပြောလိုက်ရင် သီလမဂ္ဂင်(၃)ပါး အားလုံးပါသွားတော့တာပဲ၊ အာရဒ္ဓဝီရိယောဟောတိ အားထုတ်အပ်တဲ့ လုံ့လရှိတယ်ဆိုတာက သမာဓိသိက္ခာကိုပြတယ်၊ ဘာလို့တုန်းဆိုတော့ သမာဓိဆိုတာ သတိနဲ့ ဝီရိယတွဲပြီးမှ ဖော်ထုတ်ရတာဖြစ်လို့ပါ၊

http://www.dhammadownload.com



သတိနဲ့ဝီရိယတွဲပြီးတော့ ဖော်ထုတ်မှ သမာဓိဆိုတာ ပေါ်လာနိုင်တယ်၊ ဝီရိယတစ်ပါးထည်း အခြောက် တိုက်ကြီးတွန်းလို့တော့ သမာဓိပေါ်၍မလာနိုင်ပါ။

ဒါကြောင့် ဝီရိယလို့ပြောလိုက်ရင် သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုရတဲ့ သမာဓိသိက္ခာကို ပြတယ်။

ပညဝါဟောတိဆိုတာကတော့ ပညာသိက္ခာကို ပြတယ်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ဆိုရတဲ့ ပညာသိက္ခာ အခြေခံကြောင်းကျိုး ဆက်သွယ်သိတဲ့ပညာနဲ့ ဝိပဿနာပညာပေါ့၊ လုပ်ငန်းပိုင်းမှာတော့ ဝိပဿနာပေါ့။

ဗဟုဿုတောဟောတိဆိုတဲ့ ဒုတိယစကားကတော့ အဲဒီသိက္ခာ (၃)ပါး ဖြည့်ကျင့်နိုင်အောင် လေ့လာနာကြား သင်ယူကြိုးစားအားထုတ်ရတဲ့ ပရိယတ္တိလမ်းစဉ်ကို ပြပါတယ်။

ဒါကြောင့် ယခု ပါဠိတက္ကသိုလ် အောင်မင်္ဂလာကျောင်းတိုက်ကြီးဟာ မြန်မာနိုင်ငံမှာ ပရိယတ္တိသာသနာဘက်က ထိပ်တန်းကျကျ ကြိုးစားအားထုတ်နေတဲ့ ကျောင်းတိုက်ကြီးတစ်တိုက်ပေါ့။

http://www.dhammadownload.com



ကျောင်းတိုက်ကြီးတစ်တိုက်ဖြစ်လို့လဲ ဆရာတော်ဘုရားကြီးဟာ သာသနာအတွက် အလွန်ကျေးဇူးများတယ်ဆိုပြီးတော့ တစ်သာသနာ လုံးက လေးစားကြ၊ မြတ်နိုးကြ၊ အားကိုးကြ၊ သာသနာအတွက် စွမ်းဆောင်ခဲ့တဲ့ဂုဏ်တွေကို အာရုံပြုပြီးတော့ ယခုပူဇော်နေကြတာ၊ သာဓုကာရ်ငွေနအစစ်ဖြစ်အောင် ပူဇော်နေကြတာ။

* * *

http://www.dhammadownload.com

# ဗဟုသုတောဟောတိဆိုတာ

ဗဟုသုတောဟောတိဆိုတာ သိသင့်သိထိုက်တဲ့ လုပ်ငန်းပိုင်းဆိုင်ရာ တရားစွမ်းအားများကို သိအောင်လေ့လာတာ၊ ပိဋကတ်(၃)ပုံ အကုန်လုံးကိုလေ့လာမှ ဗဟုသုတခေါ်တာ မဟုတ်ပါဘူး။

ဘဝအသုံးချနည်း၊ ဘဝနေနည်း၊ ဘဝကူးနည်း၊ နောင်ရေးစိတ် အေးရအောင် လုပ်သင့်တာ လုပ်နည်း အစရှိသည်ဖြင့် အမြင်ရှင်းအောင်၊ သိသင့်တာသိအောင်၊ နာကြားလေ့လာသင်ယူ ကြိုးစားအားထုတ်ရင်လဲပဲ အကြောင်းတရားအကောင်းစားနဲ့ ပြည့်စုံသူလို့ပဲ ဆိုရတယ်။

အထူးအားဖြင့် ဗဟုသုတောဟောတိဆိုတာ ယခုလို ပရိယတ္တိစာသင်တိုက်ကြီးတွေမှာ စာချဆရာတော်တွေက အောက်ခြေကစပြီးတော့

http://www.dhammadownload.com



ပိဋကတ် ကျမ်းစာကြီးတွေအထိ သင်ပြပို့ချလို့၊ စာသင်သားတွေကလဲ ကြိုးကြိုးစားစားသင်ယူလို့၊ ဒကာဒကာမတွေကလည်းပဲ ဒို့မှာ ပိုခါ မှလှူမယ်လို့ ဆင်ခြေမပေးပါဘူး၊ ဖြစ်တဲ့နည်းနဲ့ သဒ္ဓါ၊ ပညာ၊ မေတ္တာနဲ့ ကိုယ်ရှာထားတဲ့ပစ္စည်းထဲက ခွဲယူပြီးတော့ သာသနာတော်ကြီး ချီးမြှောက်ကြလို့–

* * *

http://www.dhammadownload.com

# ရတနာမြေသည် မြန်မာမြေ

သာသနာဟာ ယခုကဲ့သို့ရပ်တည်ပြီး တိုးတက်ကြီးပွားမြင့်မားနေရပါတယ်၊ ပရိယတ္တိစာသင်တိုက်မှ မရှိတော့ဘူးဆိုရင် သာသနာပျောက်သွားမှာ သေချာပါတယ်။

တစ်ကမ္ဘာလုံးရှုကြည့်ပါ၊ သာသနာနဲ့ပတ်သက်လို့ ဂုဏ်ယူစရာ အကောင်းဆုံး ရတနာမြေလို့ ထိုက်ထိုက်တန်တန်ပြောဖြစ်တဲ့ မြေဟာ တကယ်တော့ မြန်မာမြေတစ်ခုထဲပါ။

အချို့အချို့ ထေရဝါဒနိုင်ငံတွေမှာ သာသနာရှိသင့်သလောက်ရှိပါတယ်၊ သို့သော်လဲပဲ ခိုင်မာမှုရော၊ တိကျမှုရော၊ ပြည့်ဝမှုရော၊ သန့်ရှင်းမှုရော မြန်မာပြည်ကို ဘယ်တိုင်းပြည်မှ မမီတော့ပါဘူး။

F. 7A

http://www.dhammadownload.com



မြန်မာပြည်ဟာ ဘာဖြစ်လို့ ဒီလောက်တောင် (ဗုဒ္ဓ)သာသနာ ခိုင်မြဲတိကျနေရတာလဲဆိုတော့ အခြေခံပရိယတ်ပါ၊ အခြေခံပရိယတ် ဒီလောက် အားကောင်းနေတော့ ပဋိပတ်ကို အချိန်မရွေး အားထုတ်နိုင်ကြတယ်ပေါ့၊ ပဋိပတ်စွမ်းအားကို လိုလေသေးမရှိ တိတိကျကျ၊ ပြည့်ပြည့်ဝဝ လမ်းညွှန်နိုင်တယ်၊ လိုသလိုနှလုံးသွင်းနိုင်တယ်၊ အားထုတ်နိုင်တယ်း အဲဒါ ပရိယတ္တိအမာခံကို သိပ်တန်ဖိုးထားလို့ပါ။

ပရိယတ္တိအမာခံကို သိပ်တန်ဖိုးထားတဲ့ အတွက်ကြောင့် မြန်မာပြည်ဟာ ကမ္ဘာ့အလယ်မှာ "ရတနာမြေ"လို့ ခေါ်ယူရလောက်အောင် တရားစွမ်းအား ခန့်ထည်ကြွယ်ဝပြီးတော့နေတာပါ။

* * *

F. 7B

http://www.dhammadownload.com

# သတ္တဝါတွေနှလုံးသားကိုအလှဆင်ဖို့

* ဤသာသနာ၊ ငြိမ်းချမ်းစွာ၊
ကမ္ဘာကြီးကိုလှစေသည်၊

ဤသာသနာတော်မြတ်ကြီးဟာ ကမ္ဘာကို အလှဆင်ဖို့၊ လူသားတွေရဲ့နှလုံးသားကို အလှဆင်ဖို့၊ သတ္တဝါတွေနှလုံးသားကို အလှဆင်ဖို့ ပေါ်လာတာပါ။

သတ္တဝါတွေအလုပ်ရှုပ်ဖို့ ပေါ်လာတာမဟုတ်ပါဘူး၊ အလှဆင်တော့လဲ အထိတ်တလန့် အလှမဆင်ပါဘူး၊ ငြိမ်းချမ်းတည်ငြိမ်ရင့်ကျက်စွာ အလှဆင်သော သာသနာပါ။

သာသနာနှင့် ထိတွေ့ခွင့်ရသူအားလုံးဟာ ငြိမ်းချမ်းကြတာချည်းပါပဲ၊ စွမ်းအားရကြတာချည်းပါပဲ။

http://www.dhammadownload.com



မဆုံးနိုင်အောင်များလှတဲ့ လူမှုရေးဒုက္ခ ပြဿနာပေါင်းစုံဆိုတဲ့ အာရုံတွေကို ကုန်ကြမ်း အဖြစ်သုံး၊ တရားစက်ရုံထဲထည့်ပြီးတော့ ကုန်ချော အဖြစ် တရားစွမ်းအားတွေကို ဖော်ထုတ်ပြီးတော့ တည်ငြိမ်ရင့်ကျက် အေးချမ်းစွာနေတတ်ကြတယ်။

* * *

http://www.dhammadownload.com

# တရားနှင့်နှလုံးသားထိတွေ့ခွင့်ရသူများ

တရားနဲ့ထိတွေ့ခွင့်ရတဲ့ နှလုံးသားလှပသူများဟာ ပစ္စုပ္ပန်မှာလဲ ဘာနဲ့ပဲတွေ့တွေ့ တည်ငြိမ်ရင့်ကျက် ချမ်းမြေ့ပျော်ရွှင်စွာ နေတတ်တယ်၊ ဘဝတစ်ခုနဲ့တစ်ခုကူးတဲ့အခါ ဘဝတစ်ခုဆိုတာကလဲ နောက်က မရဏာဆိုတဲ့ ကန့်သတ်ချက်ကလေးက ရှိတာကိုး။

အဲဒီကန့်သတ်ချက်ကလေး အချိန်ရောက်တဲ့အခါ လက်ရှိပစ္စုပ္ပန်ဘဝအပေါ်မှာလဲပဲ တွယ်တာမှုမရှိ၊ အစွဲအလမ်းကင်းရှင်းစွာနဲ့၊ စိုးရိမ်ခြင်းပူလောင်ခြင်းကင်းစွာနဲ့၊တည်ငြိမ်ရင့်ကျက်အေးချမ်းစွာနဲ့ သတိရှိရှိ၊ စွမ်းအားပြည့်ပြည့်နဲ့ ဘဝကူးနိုင်ဖို့၊ ဘဝလွှတ်မြောက်ရေးအထိ၊ အားကိုးစရာစွမ်းအားတွေ ရသည်အထိ ကြိုတင်ပြုလုပ်အားထုတ်ဖို့ လမ်းရှင်းနေကြတယ်၊ လမ်းဖွင့်နေကြတယ်။

http://www.dhammadownload.com



တရားနဲ့နှလုံးသား ထိတွေ့ခွင့်ရသူတွေ၊ နှလုံးသားလှသူတွေ အားလုံးဟာ မရေမရာ ဘဝခရီးကိုမသွားကြဘူး၊ ရည်ရွယ်ချက်ကောင်းကောင်း၊ လမ်းကြောင်းရှင်းရှင်း၊ စည်းကမ်းမှုဘောင် သပ်သပ်ရပ်ရပ်လေးနဲ့ သွားကြတယ်။

* * *

http://www.dhammadownload.com

# သာသနာအနိုင်မာဆုံးသည် မြန်မာပြည်

* မြန်မာ့၌သာ၊ သာသနာ၊ နိုင်မာပြည့်စုံသည်၊

တစ်ကမ္ဘာလုံးမှာ သာသနာအခိုင်မာဆုံး အပြည့်စုံဆုံးဟာ မြန်မာပြည်ပါ၊ ဘာကြောင့်လဲ ဆိုရင် အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက်ကြီး တို့လို စာသင်တိုက်ကြီးတွေမှာ စာချစာသင် အရှင်မြတ်တွေ ပင်ပန်းတာပဓာနမထား၊ လခရိက္ခာ ဆိုတာဘာမှထည့်မတွက်၊ ဂုဏ်ပကာသန လာဘ် လာဘကို မက်မောခြင်းမရှိ၊ မွန်မြတ်စင်ကြယ်တဲ့ စိတ်ထားတွေနဲ့ ပို့ချလို့၊ ဟောပြောလို့၊ လမ်းညွှန် လို့။

http://www.dhammadownload.com



စာသင်သားတွေကလဲ ထို့အတူပဲ ကြိုးစားလို့၊ အားထုတ်လို့၊ အားထုတ်နိုင်အောင်လဲပဲ မိဘအရာမှာတည်ပြီး ဒကာ, ဒကာမတွေကလဲပဲ မေတ္တာနှလုံးသားတွေနဲ့ ဝိုင်းဝန်းချီးမြှောက်နေကြလို့ သာသနာဟာ ခိုင်ခိုင်မာမာ တိတိကျကျ ပြည့်ပြည့်ဝဝတည်ရှိပြီးတော့နေတာ၊ တရားငတ်နေတဲ့ကမ္ဘာ့လူသားတွေအတွက်တောင် ဖြန့်ဝေပေးနိုင်ကြပါတယ်။

* ဗုဒ္ဓဝါဒ၊ မြတ်ဓမ္မကြောင့်၊ ကမ္ဘာ့အလယ်၊ ဝဏ်ရည်ကြွယ်၊ ခန့်ထည်မြန်မာပြည်၊

ကမ္ဘာ့အလယ်မှာ မြန်မာပြည်လှနေတာ တကယ်ခန့်ညား ထည်ဝါနေတာဟာ ဗုဒ္ဓတရားကြောင့်၊ ရတနာစွမ်းအားကြောင့်၊ ရတနာနဲ့ထိုက်တန်လို့ မိမိတို့တတွေ ရတနာနဲ့တွေ့နေကြတာပေါ့။

* မေတ္တာနှလုံး၊ အလှဆုံးကြောင့်၊ ရှင်ပြုံးကြည်သာ၊ တို့မြန်မာ၊ ကမ္ဘာကပင်မော်ကြည့်သည်၊

တရားတော်တဲ့ ကမ္ဘာသူကမ္ဘာသား မြန်မာပြည်ကို ဘယ်သူမှ အထင်မသေးရဲကြပါဘူး၊

http://www.dhammadownload.com



အားလုံးမော်ကြည့်ရတယ်၊ မော်ကြည့်နိုင် အောင်လဲ အခြေခံပရိယတ္တိ တစ်လုံးတစ်ပါဒမှ မပျောက်ရ အောင် ထိန်းထားနိုင်တယ်။

ယခု ဘဝနတ်ကျောင်း ပြောင်းရွှေ့စံတော်မူ ပြီးတဲ့ အဂ္ဂမဟာပဏ္ဍိတ, ပါဠိတက္ကသိုလ် အောင် မင်္ဂလာတိုက်သစ် ပဓာနနာယကဆရာတော်ဘုရား ကြီး အမှူးထားပြီး ဤကျောင်းတိုက်အတွင်းမှာ ကြိုးစား အားထုတ်နေကြတဲ့ စာချစာသင်တွေရဲ့ စွမ်းအားတွေပေါ့။

အဲဒီစွမ်းအားကြောင့် အဲဒီစွမ်းအားတွေ အပေါ အဝင် သာသနာအတွက် မေတ္တာပန်းသုံးပွင့်နဲ့ အလှဆင်ပြီးတော့ ကြိုးစားနေကြတဲ့ စွမ်းအား ပိုင်ရှင်များရဲ့အင်အားကြောင့် မြန်မာဟာ ကမ္ဘာ့ အလယ်မှာ လှနေတာ။

ဒါ့ကြောင့် ကမ္ဘာကိုရော၊ မြန်မာကိုရော၊ လူသားတွေရဲ့နှလုံးသားကိုရော ပရိယတ္တိစာသင် တိုက်ထဲကနေပြီးတော့ လောကကြီးအတွက် ကျေးဇူးပြုသွားတော်မူတဲ့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကို အာရုံပြုပြီး ပူဇော်နေကြတာ။

* ဤသာသနာ၊ ငြိမ်းချမ်းစွာ၊
ကမ္ဘာကြီးကိုလှစေသည်၊

http://www.dhammadownload.com



* မြန်မာ့ဥသာ၊ သာသနာ၊ နိုင်မာပြည့်စုံသည်၊
* ဗုဒ္ဓဝါဒ၊ မြတ်ဓမ္မကြောင့်၊ ကမ္ဘာ့အလယ်၊ ဂုဏ်ရည်ကြွယ်၊ ခန့်ထည်မြန်မာပြည်၊
* မေတ္တာနှလုံး၊ အလှဆုံးကြောင့်၊ ရှင်ပြုံးကြည်သာ၊ ဒို့မြန်မာ၊ ကမ္ဘာကပင်မော်ကြည့်သည်၊

ဒါကြောင့် ဗဟုသုတောဟောတိဆိုတာ ပရိယတ္တိစာသင်တိုက်ကြီးတွေမှာ ပို့ချသင်ယူ လမ်းညွှန်ကြိုးစားအားထုတ်နေတဲ့ ပရိယတ္တိလုပ်ငန်းနဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ်၊ ယခုလို ပရိသတ် အပေါင်း သူတော်ကောင်းတို့ကဲ့သို့ အခါအား လျော်စွာ နာယူလေ့လာ ဖတ်ရှုကြိုးစား အားထုတ်တဲ့အလုပ်နဲ့လဲ ဆိုင်တာပါပဲ။

* * *

http://www.dhammadownload.com

# လမ်းတိုပရိယတ်ဟူသည်

ပရိယတ္တိဆိုတာ လမ်းတိုပရိယတ်၊ လမ်းရှည်ပရိယတ်လို့ (၂)မျိုးရှိပါတယ်။

လမ်းတိုပရိယတ်ဆိုတာ ယခုလို တရားပွဲတွေကျင်းပပြီးတော့ တရားနာပရိသတ်တွေ ကျင့်တတ်၊ ကြံတတ်၊ အားထုတ်တတ်အောင်၊ ကျင့်နိုင်ကြံနိုင်အားထုတ်နိုင်အောင် ဖြတ်လမ်းကနေ ကောက်နှုတ်ချက်ကလေးတွေထုတ်ပြီးတော့ ဟောပြောပေးတာမျိုးတွေ၊ ဒါလဲ လမ်းတိုပရိယတ်ပဲ။

ရိပ်သာတွေမှာ ကမ္မဋ္ဌာန်းပြတဲ့ ဆရာတော်များကနေပြီး ယောဂီတွေအားထုတ်တတ်အောင် ဒီလိုရှုရတယ်၊ ဒီလိုမှတ်ရတယ်၊ ဒီလို အားထုတ်ရတယ် စသည်ဖြင့် လမ်းညွှန်ပေးတာ၊ ဒါတွေဟာလဲ လမ်းတိုပရိယတ်ပါ။

http://www.dhammadownload.com



ပရိယတ်မပါပဲနဲ့ ပဋိပတ် ဘယ်လိုမှလုပ်မဖြစ်ပါဘူး၊ ရိပ်သာတွေထဲမှာလဲ ပရိယတ်ရှိရတယ်၊ ဒါဟာ လမ်းတိုပရိယတ်ခေါ်တယ်။

သိအောင်လုပ်တာမှန်သမျှအားလုံး ပရိယတ်ပါ၊ လက်တွေ့ကျင့်ကြံကြိုးကုတ် အားထုတ်ပြီဆိုတဲ့အခါကျတော့မှ အဲဒါ ပဋိပတ်ပါ။

လမ်းတိုပရိယတ်သည် ကျင့်ကြံကြိုးကုတ်အားထုတ်သူအတွက် ဖြတ်လမ်းက ကျေးဇူးပြုလို့အကျိုးရှိသင့်သလောက် ရှိပါတယ်၊ သို့သော်သာသနာ ကြာကြာတည်တံ့ရေးမှာ လမ်းတိုပရိယတ်ကို အားကိုး၍မဖြစ်ပါ။

* * *

http://www.dhammadownload.com

# လမ်းရှည်ပရိယတ်ဟူသည်

လမ်းရှည်ပရိယတ်ဆိုတာ ယခုလို အောင်မင်္ဂလာစာသင်တိုက်ကြီးတို့လို စာသင်တိုက်အတွင်းမှာ စာချစာသင်တွေ၊ ပိဋကတ်အခြေခံ ကျမ်းစာတွေက စပြီးတော့ ပိဋကတ်သုံးပုံ ကျမ်းစာကြီးတွေအထိ မခုန်မကျော် အစဉ်အတိုင်းဟောပြောပို့ချ လမ်းညွှန်သင်ယူ ကြိုးစားအားထုတ်နေကြတာကို လမ်းရှည်ပရိယတ်လို့ ခေါ်တယ်။

အင်မတန်ပင်ပန်းပါတယ်၊ ခွဲလဲရှိရပါတယ်၊ သဒ္ဓါ၊ ဝီရိယဓာတ် တွေ အများကြီးသုံးရပါတယ်၊ သာသနာ ကြာကြာတည်တံ့ရေးမှာ လမ်းရှည်

http://www.dhammadownload.com



ပရိယတ်ကိုသာ အားကိုးလို့ဖြစ်ပါတယ်၊ ပရိယတ္တိ စာသင်တိုက်တွေဆိုတာ ဒီဘက်ကမ်းကနေ နိဗ္ဗာန်ဆိုတဲ့ ဟိုဘက်ကမ်းကူးတဲ့ သဘောမျိုးပေါ့။

* * *

http://www.dhammadownload.com

# ဖူးတောင်းတစ်လုံးနှင့် မြစ်ကိုကူးသူ

လောကမှာ ရေတွေပြည့်နေတဲ့ မြစ်ကြီးတစ်ခု ရှိတယ်ဆိုပါစို့၊ ရေတွေပြည့်လျှံ၊ ရေစီးသန်၊ လှိုင်းတွေကလဲထန်၊ အဲဒီမြစ်ကြီးကူးတဲ့အခါ တစ်ယောက်သောသူက ဗူးတောင်းတစ်လုံးနဲ့ကူးတယ်။

ဗူးတောင်းတစ်လုံးနဲ့ကူးတာ ရေကူးကကျွမ်းကျင်တော့ ဒီဘက်ကနေကူးလိုက်တာ ဟိုဘက်ကမ်းရောက်သွားတယ်။

http://www.dhammadownload.com



သို့သော် သူတစ်ယောက်ထဲပဲရောက်တယ်၊
ဘယ်သူ့မှ မခေါ်နိုင်ဘူး၊ ဗူးတောင်းတစ်လုံးထဲကိုး။

* * *

http://www.dhammadownload.com

# လှေသမ္ဗာန်နှင့်ကူးသူ

နောက်တစ်ယောက်သော ပုဂ္ဂိုလ်ကျတော့ လှေသမ္ဗာန်လေးနဲ့ကူးတယ်၊ သမ္ဗာန်နဲ့ကူးတယ်ဆို တော့ ရေစီးကြမ်းပြီး ရေပြည့်နေတော့ မနည်း ထိန်းပြီး ကူးဖြတ်ရတာပေါ့။

လူ လေး,ငါး,ခြောက်,ယောက် ဒီထက်တတ် နိုင်ရင် ဆယ်ယောက်လောက်ဆန့်မှာပေါ့၊ အဲ သလောက်ခေါ်ပြီး ဟိုဘက်ကမ်းကူးတယ်၊မမှောက် ရအောင် မတိမ်းရအောင် တော်တော်ထိန်းပြီး ကူး ဖြတ်ရတယ်။

ဆိုကြပါစို့၊ ဟိုဘက်ရောက်သွားတယ်၊ သူ ခေါ်ခဲ့တာ ငါးယောက်ဆို ငါးယောက် ဟိုဘက်

F. 8A

http://www.dhammadownload.com



ရောက်မှာ၊ ဆယ်ယောက်ခေါ်ရင် ဆယ်ယောက် ဟိုဘက်ရောက်မှာပေါ့။

* * *

http://www.dhammadownload.com

# နှစ်ထပ်,သုံးထပ် သင်္ဘောကြီးနှင့်ကူးသူ

တစ်ယောက်သောပုဂ္ဂိုလ်ရှိတယ်၊ သူကတော့ များများတင်ချင်တာ၊ များများတင်ချင်တော့ နှစ်ထပ်, သုံးထပ်ရှိတဲ့ သင်္ဘောကြီးနဲ့ လူတွေလေးငါးရာလောက်ခေါ်ပြီး ဟိုဘက်ကမ်းကူးတယ်။

နှစ်ထပ် သုံးထပ် သင်္ဘောကြီးဆိုတော့ တော်တော်တန်တန် ရေစီးကြမ်းလဲ ကြမ်းပစေလေ၊ ကိစ္စမရှိဘူး၊ စိတ်ချလက်ချ၊ ငြိမ့်ငြိမ့် ညောင်းညောင်း၊ အေးအေးချမ်းချမ်းကူးလို့ရတယ်။

ကူးလိုက်တာ ဟိုဘက်ရောက်သွားတယ်၊ လူလေးငါးရာ တစ်ခါထဲပါသွားတယ်၊ နည်းတာမှ မဟုတ်ပဲ။

http://www.dhammadownload.com



ပရိယတ္တိစာသင်တိုက်ဆိုတာ နှစ်ထပ်သုံးထပ်ရှိတဲ့ သဘော်ကြီးနဲ့ ပရိသတ် လေးငါးခြောက်ရာခေါ်ပြီး ဟိုဘက်ကမ်းကူးတာနဲ့တူတယ်၊ စာသင်သားတစ်ပါး တစ်ပါးရဲ့နောက်က နောက်ထပ်ဘယ်လောက်လာဦးမယ်ဆိုတာ မှန်းလို့မရသေးပါဘူး၊ စာသင်သားတစ်ပါးတစ်ပါးရဲ့နောက်က လာလိမ့်ဦးမယ်၊ အဆက်ဆက်, အဆက်ဆက်တွေအများကြီး၊ ခန့်မှန်းလို့မရသေးဘူး။

စာချဘုန်းကြီးတစ်ပါးရဲ့နောက်က ဘယ်လောက်လာဦးမယ်ဆိုတာ ခန့်မှန်းလို့မဖြစ်သေးဘူး၊ အများကြီးလာဦးမယ်။

* * *

http://www.dhammadownload.com

## ရောက်တော့ရောက်နိုင်တယ်၊ သူတစ်ယောက်ထဲရောက်မယ်

ငါတစ်ယောက်ထဲပဲ အားထုတ်တော့မယ်လို့၊ စာချကိုလဲ လက်လျှော့လိုက်ပြီ၊ စာသင်ကြားမှုကိုလဲ လက်လျှော့လိုက်ပြီ၊ ပဋိပတ်တစ်ခုထဲပဲ ငါအားထုတ်တော့မယ်၊ ပရိယတ္တိလုပ်ငန်းစဉ်တွေကိုတော့ ငါမျက်နှာလွှဲလိုက်တော့မယ်လို့ တစ်ပါးထဲ အားထုတ်တဲ့ပုဂ္ဂိုလ်ဟာ အားထုတ်သလောက် စွမ်းအားရမယ်။

http://www.dhammadownload.com



ဖူးတောင်းနဲ့ ဟိုဘက်ကမ်းကူးတဲ့ ပုဂ္ဂိုလ်လို ပါပဲ၊ ရောက်တော့ရောက်နိုင်တယ်၊ သူတစ်ယောက် ထဲရောက်မှာပေါ့။

* * *

http://www.dhammadownload.com

## မောတော့မောတာပေါ့၊ ဒါပေမယ့်မမောဘူး

ယခုလို ပရိယတ္တိစာသင်တိုက်ကြီးတွေ ကျတော့ ပင်တော့ ပင်ပန်းတာပေါ့၊ ပင်ပန်းသော်လဲ သာသနာအတွက်ငဲ့ပြီး သဒ္ဓါ၊ ပညာ၊ မေတ္တာတွေ အားကောင်းကောင်းနဲ့ ကြိုးစားအားထုတ်နိုင်တော့ စာချတဲ့ပုဂ္ဂိုလ်တွေဟာ စာသင်သားတွေရဲ့ အောင်မြင်မှုတွေ၊ ကြီးပွားတိုးတက်မှုတွေ အကျိုးများပုံတွေကြည့်ပြီးတော့ ပင်ပန်းတယ်လို့ မထင်ပါဘူး၊ အပမ်းကိုပြေလို့၊ အတွင်းကသဒ္ဓါဓာတ်တွေ၊ မေတ္တာဓာတ်တွေ၊ ပညာဓာတ်တွေပေါ့။

"ဩော်– ငါတစ်ယောက် စိတ်ကောင်းထားလိုက်တာနဲ့ ငါ့နောက်က အများကြီး ပါကြမှာပါ

http://www.dhammadownload.com



တကား၊ ငါတစ်ယောက် စိတ်ကောင်းထားတဲ့ အတွက် ငါ့နောက်က ပရိသတ်ထောင်နဲ့ချီပြီး ပါကြမှာပါတကား၊ ငါတစ်ယောက် စိတ်ကောင်း ထားလိုက်တာနဲ့ ပစ္စည်းလေးပါးထောက်ပံ့တဲ့ ဒကာ, ဒကာမတွေမှာလဲ အများကြီး စွမ်းအားရကြမှာတကားလို့" စိတ်ထဲမှာကြည်နူးပြီးတော့ ချွေးဒီးဒီးကျအောင် ဟောရ, ပြောရ, သင်ကြားပို့ချပေးရပေမယ့် မောတယ်လို့မထင်။

ယခု, ဘဝနတ်ကျောင်း ပြောင်းရွှေ့စံတော်မူပြီးတဲ့ ဆရာတော်ဘုရားကြီးလဲ အဲဒီအတိုင်းပေါ့၊ မောတယ်လို့မထင်ဘူး၊ အတွင်းက မေတ္တာဓာတ်တွေကြောင့်၊ အတွင်းက သဒ္ဓါဓာတ်တွေကြောင့်၊ အတွင်းက ပညာဓာတ်တွေကြောင့်မို့လို့ မောတယ်ပမ်းတယ်လို့မထင်၊ ရလဒ်တွေကို မြင်ထားတာကိုး။

"သြော်-ငါ့စိတ်ကောင်းလေးကြောင့် သာသနာ ကြာကြာကြီးတည်တံ့မှာပါလား၊ ငါ့ရဲ့ စိတ်ကောင်းလေးတစ်ခုကြောင့် ဗုဒ္ဓသာသနာတော်ကြီးဟာ မြန်မာမြေထဲက ပျောက်ကွယ်မသွားပဲနဲ့ ကြာကြာကြီး တည်တံ့မှာပါလား၊ မြန်မာ့မြေပေါ်မှာသာမက ကမ္ဘာ့မြေကိုလွှမ်းပြီးတော့ ပြန့်ပွားနိုင်

http://www.dhammadownload.com



တယ်လို့ စဉ်းစားမိတိုင်း စဉ်းစားမိတိုင်း စိတ်တဲမှာ ကြည်နူးပြီးတော့သွားရတယ်။

ဒါကြောင့် လူအများကြီးတင်ပြီး ဟိုဘက်ကမ်းကို နှစ်ထပ် သုံးထပ် သင်္ဘောကြီးနဲ့ သယ်ယူတာနဲ့တူပါတယ်။

* * *

## မိစ္ဆာဒိဋ္ဌိရေတွေဝင်မှာ ပူဖို့မလိုဘူး

သင်္ဘောကြီးနဲ့သွားတော့ မှောက်မှာမပူရသလိုပဲပေါ့၊ ပရိယတ္တိလမ်းစဉ်နဲ့သွားတဲ့ပုဂ္ဂိုလ်ဟာ မှောက်မှာမပူရဘူး၊ မိစ္ဆာဒိဋ္ဌိရေတွေဝင်မှာ ပူဖို့မလိုဘူး။

ပရိယတ္တိလမ်းညွှန်နဲ့သွားနေတော့ ပရိယတ္တိကို ခိုင်ခိုင်မာမာ တိတိကျကျနဲ့သွားတာဆိုတော့ အားထုတ်တဲ့အခါမှာလဲ တိတိကျကျ အားထုတ်နိုင်တယ်။

မိစ္ဆာဝါဒ၊ သာသနာ့ရန်စွယ်၊ အန္တရာယ်ဝင်စရာ ဘာမှမရှိဘူး၊ တည်ငြိမ်ရင့်ကျက် အေးချမ်းစွာ သွားနိုင်တယ်။

http://www.dhammadownload.com



ပြီးတော့လဲ ပရိယတ္တိစာသင်တိုက်ဆိုတာက ပရိယတ်လို့သာ ပြောရတယ် ပရိယတ်တစ်ခုထဲ လုပ်ကြတာမှမဟုတ်ပဲ၊ ပဋိပတ်ကိုလဲ အချိန်ရသလို ကြိုးစားအားထုတ်နေကြတာပဲ၊ ပဋိဝေဓဘောက်ဦးတည်ပြီး အားထုတ်နေကြတာ။

* * *

http://www.dhammadownload.com



# ပရိယတ္တိသာသနာမြေပုံကားချပ်ရှိနေလို့

ပရိယတ္တိသာသနာဆိုတာ မြေပုံကားချပ်ကြီးနဲ့တူတယ်၊ ပရိယတ္တိသာသနာ မြေပုံကားချပ်ရှိနေလို့သာ ဒါနမှန်းသိရ၊ ဒါနကို ဒါနနဲ့ တူအောင်လုပ်နိုင်ကြ၊ သီလမှန်းသိရ၊ သီလကို သီလနဲ့တူအောင် ဖြည့်ကျင့်နိုင်ကြ၊ သမာဓိမှန်းသိရ၊ သမာဓိကို သမာဓိနဲ့တူအောင် ပွားနိုင်ကြ၊ ဝိပဿနာမှန်းသိကြ၊ ဝိပဿနာကို ဝိပဿနာနဲ့တူအောင် ပွားနိုင်ကြ၊ ပွားများအားထုတ်မှုရဲ့အဆုံးမှာ ရလဒ်ဆိုတဲ့ ပဋိဝေဓရှိတယ်လို့သိခွင့်ရခြင်း စသည်ဟာ ပရိယတ္တိသာသနာမြေပုံကားချပ်ရဲ့ ကျေးဇူးပါ။

စာသင်ကျောင်းတွေမှာ ဆရာ, ဆရာမတွေက ကမ္ဘာ့ပထဝီအကြောင်း သင်ပြပေးတယ်ဆိုပါတော့၊ ကမ္ဘာ့ပထဝီအကြောင်း သင်ပြပေးတဲ့အခါမှာ

http://www.dhammadownload.com



မြေပုံကားချပ်ကြီးကို စာသင်သားအများရှေ့မှာ ချပြီးတော့ အမေရိကန်တိုင်းပြည်က ဟောဒီနားမှာ ရှိတယ်၊ သူ့ရဲ့ ပထဝီအနေအထားက ဘယ်လို ရှိတယ်၊ ဘယ်လမ်းကသွားရင် ရောက်တယ်၊ ဘယ်သို့ဘယ်လို စသည်ဖြင့် သင်ပြပေးတယ်။

သူ့ကို ရောက်ဖူးလားလို့မေးကြည့်လိုက်၊ ရောက်တော့ မရောက်ဖူးဘူးပေါ့၊ မရောက်ဖူးငြား သော်လဲ ဒေသခံပုဂ္ဂိုလ်များက ဒေသကျွမ်းကျင်သူ ပုဂ္ဂိုလ်များက အတိအကျရေးဆွဲထားတဲ့ ကမ္ဘာ့ ပထဝီ မြေပုံကားချပ်ကြီးက ရှိနေတော့ အတိအကျ ပြောဖြစ်တာပေါ့၊ တကယ်တမ်း အဲဒီအတိုင်းသွား လဲ တကယ်ရောက်နေကြတာပဲ။

ဒီတိုင်းပြည်ကဒီနားမှာရှိတယ်၊ သူ့ရဲ့ ပထဝီ အနေအထားက ဘယ်လိုရှိတယ်၊ ဘယ်လမ်းက သွားရင်ရောက်တယ်၊ စသည်ဖြင့် တကယ်တမ်း ပထဝီသင်ပြပေးတဲ့ပုဂ္ဂိုလ်က သူလက်ထောက်ပြ နေတဲ့ မြေပုံကားချပ်ပေါ်က နေရာဒေသတွေ အကုန်အစင်ရောက်ဖူးတာမှ မဟုတ်ပဲ။

အဲသလိုပေါ့၊ ဘယ်လိုစိတ်ထားမှားသွားရင် အပါယ်လေးဘုံကို ရောက်နိုင်တယ်၊ လူ့နောက်ကို

http://www.dhammadownload.com



စိတ်ကိုပါအောင်မဆွဲပဲနဲ့ စိတ်နောက်ကို လူပါသွားမယ်ဆိုရင် ဟောဒီအပါယ်ကို ရောက်နိုင်တယ် စသည်ဖြင့် သိရတာတွေ။

သုဂတိဘုံဆိုတာ ဒီနားမှာရှိတယ်၊ ဒီလမ်းက သွားရင် ရောက်တယ်လို့သိရတာတွေ၊ ဗြဟ္မာ့ပြည် စသည်တို့ အကုန်လုံး လမ်းကြောင်းနဲ့တကွ အတိ အကျသိရတာတွေ။

သီလ, သမာဓိ, ပညာ, သိက္ခာ သုံးသွယ် ကျင့်ဖွယ်ကိစ္စဟူ သမ္မာ လမ်းကြောင်းမှန်သမ္မာတွေ အကုန်လုံးသိရတာတွေ၊ မဂ္ဂင်လမ်းကြောင်းအတိုင်း သွားတဲ့အခါ နိရောဓသစ္စာဆိုတဲ့ လမ်းဆုံးပန်းတိုင် ရှိတယ်လို့ သိရတာတွေဟာ ပရိယတ္တိသာသနာ မြေပုံကားချပ်ရှိနေတဲ့ အကျိုးကျေးဇူးကြောင့်ပေါ့။

* * *

# နိဗ္ဗာန်ရောက်ဖူးလို့လား

"ကိုယ်တော်က နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေဟောတာတော့ ဟုတ်ပြီ၊ ကိုယ်တော်က နိဗ္ဗာန်ရောက်ဖူးလို့လား?" အဲသလို

http://www.dhammadownload.com



မေးခဲ့ရင် ရောက်တော့မရောက်ဖူးဘူးပေါ့လေ၊ မြတ်စွာဘုရားဆိုတဲ့ ဒေသကျွမ်းကျင်တဲ့ တရားလုံးစုံ အကုန်သိမြင်တော်မူတဲ့ မြတ်စွာဘုရားရေးဆွဲထားတဲ့ ပရိယတ္တိသာသနာ့မြေပုံကားချပ်ကြီးရှိနေတော့ အတိအကျပြောရဲတာပေါ့။

ဘုရားက အတိအကျသိတဲ့ဘုရား၊ တရားလုံးစုံ အကုန်သိတဲ့ ဘုရားဆိုတော့ ဘုရားလမ်းညွှန်ချက်တွေ ကိုယ်က ယုံကြည်ထားတော့ အဲဒီအတိုင်းပဲ နားလည်ခွင့်ရတာပေါ့။

ဒါကြောင့် အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက်ဆိုတာလဲ ပရိယတ္တိသာသနာ့မြေပုံကားချပ်ကြီး အတိအကျထိန်းပြီးထားနိုင်တဲ့ နေရာဖြစ်တယ်၊ ဘဝနတ်ကျောင်း ရွှေပြောင်းစံတော်မူပြီးတဲ့ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကလဲပဲ အဲဒီအတိုင်းပဲ ကြိုးစားအား ထုတ်တော်မူသွားခဲ့တယ်။

ဆရာတော်ဘုရားကြီး ဘဝနတ်ကျောင်း ရွှေပြောင်းစံတော်မူခဲ့ သော်လဲ ဆရာတော်ကြီးချမှတ်ထားတဲ့ လမ်းစဉ်အရ စာချစာသင်တွေ ကြိုးကြိုးစားစား အားထုတ်နေသေးသမျှ ကာလပတ်လုံး ဆရာတော်ဘုရားကြီး ရှိနေပါသေးတယ်။

http://www.dhammadownload.com



ဘုရား ပရိနိဗ္ဗာန်စံသော်လဲ တရားရှိရင် ဘုရားရှိတယ်လို့ ပြောရသလိုပဲပေါ့၊ ဆရာတော် ဘုရားကြီး မျက်နှာလွှဲသွားသော်လဲပဲ ဆရာတော် ဘုရားကြီးရဲ့လမ်းစဉ်ကိုလိုက်၍ ကြိုးစားဖြည့်ကျင့် အားထုတ်နေသမျှ ကာလပတ်လုံး၊ စာချစာသင် တွေ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်နဲ့ ကြိုးစားအား ထုတ်နေသေးသမျှ ကာလပတ်လုံး ဆရာတော် ဘုရားကြီး ရှိနေပါတယ်၊ အဲသလို မွေအားဖြင့်ရှိတဲ့ ဂုဏ်တွေကိုအာရုံပြုပြီး ယခု ပူဇော်ကြတာပါ။

ဒါကြောင့် မြေပုံကားချပ်ကြီးမပျောက်အောင် ထိန်းထားနိုင်တဲ့ နေရာဆိုတာ တကယ်တော့ ပရိယတ္တိစာသင်တိုက်ကြီးတွေပါ။

* * *

# သုဂတိဘုံကိုရောက်ဖို့သေချာတယ်

ဗဟုသုတောဟောတိဆိုတာ အများကြီး လေ့လာအပ်တဲ့တရား ရှိတယ်ဆိုတာ အထူးအား ဖြင့်တော့ ယခုလို စာသင်တိုက်ကြီးတွေကို ရည် ညွှန်းတာ၊ ဒါကဲ့ ပရိယတ်ကိုပြတယ်။

http://www.dhammadownload.com



သီလဝါဟောတိ၊ အာရဒ္ဓဝီရိယောဟောတိ၊ ပညဝါဟောတိဆိုတဲ့ စကား(၃)ခွန်းက ပဋိပတ်ကို ပြတယ်၊ အာသဝါနံခယာယဆိုတဲ့ စကားလုံးတွေက ပဋိဝေဓကိုပြတယ်ဆိုတော့ သာသနာသုံးရပ်ပဲပေါ့။

သီလ, သမာဓိ, ပညာဆိုတဲ့ သိက္ခာ(၃)ရပ် အကျင့်မြတ် လမ်းကြောင်းအတိုင်း သွားတဲ့အခါမှာ ကောင်းရာကိုရောက် သေချာပေါက်လမ်းကြောင်းပဲ၊ မဂ္ဂင်လမ်းကြောင်းဆိုတော့ သေချာပေါက် လမ်းကြောင်းကြီးပေါ့။

အဲဒီလမ်းကြောင်းအတိုင်း သွားမယ်ဆိုရင် အာသဝေါလေးတန်ကုန်တဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရ၍ ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းတဲ့ နိဗ္ဗာန်အထိရောက်ရမယ်၊ ရရမယ်၊ ကောင်းရာကို ရောက်မယ်။

မဂ်ဖိုလ်နိဗ္ဗာန်ကို မရောက်သေးရင်တောင်မှ သုဂတိဘုံကိုရောက်ဖို့လို့ သေချာတယ်၊ ဆရာတော်ဘုရားကြီးက အဲဒီလမ်းအတိုင်းသွားတာမို့ ဆရာတော်ဘုရားကြီးရဲ့ ဓမ္မဂုဏ်ကိုအာရုံပြုပူဇော်ကြတာ၊ ဒါဖြင့် အဲဒါလေးကို အာရုံပြုလိုက်တဲ့အခါမှာ . . .။

* * *

http://www.dhammadownload.com

# အရိပ်ကောင်းကောင်းခိုလို့ရတယ်

* သီလလည်းရှိ၊ သုတပြည့်ကြွယ်၊
တကယ်အားထုတ်၊ အလုပ်ကြိုးစား၊
တရားသိမြင်၊ ပညာရှင်၊
စွမ်းအင်ကြီးမားသည်၊

သီလလည်းရှိဆိုတာ ကိုယ်ကျင့်သီလပြည့်စုံတာကိုပြောတာ၊ သုတပြည့်ကြွယ်ဆိုတာက တရားလုံးစုံ အကုန်သိမြင်တော်မူတဲ့ သဗ္ဗညုတဉာဏ်ရှင်မြတ်စွာဘုရားရဲ့ လမ်းညွှန်ချက်တရားတွေ၊ ဘဝနေနည်း၊ ဘဝကူးနည်း၊ ချမ်းသာအောင်နေနည်းစွမ်းအားမျိုးစုံကို ရအောင်ဖော်ပြပေးတဲ့တရားတွေကို လေ့လာသင်ယူ ကြိုးစားအားထုတ်သဖြင့် များစွာသိမှီးထားတဲ့ သုတရှိတယ်။

http://www.dhammadownload.com



တကယ်အားထုတ်=ပရိယတ္တိအလုပ်ကိုလဲ အားထုတ်တယ်၊ ပဋိပတ္တိအလုပ်ကိုလဲ တကယ်အား ထုတ်တယ်၊ ကိုယ်လုပ်ရမယ့်အလုပ်ကို တကယ် လုံ့လရှိသမျှ စွမ်းအားထုတ်ပြီး ကြိုးစားတယ်။

အလုပ်ကြိုးစား တရားသိမြင်=ကံ ကံ၏ အကြောင်းသိတယ်၊ ရုပ်နာမ်ခန္ဓာအရှိ မြင်အောင် ကြည့်တယ်၊ မြင်အောင်ကြည့်နိုင်စွမ်းရှိတယ်၊ ရုပ် နာမ်ခန္ဓာအရှိ မြင်အောင်ကြည့်နိုင်တဲ့ အစွမ်းသတ္တိ ကနေပြီးတော့ လောကုတ္တရာပညာ အပြည့်ရအောင် ယူမယ်ပေါ့။

တရားသိမြင်၊ ပညာရှင်၊ စွမ်းအင်ကြီးမား သည်၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ စွမ်းအားကြီးမားတယ်၊ အရိပ်ကောင်းကောင်းခိုလို့ရတယ်၊ ကိုယ့်အရိပ်ကိုယ် ခိုလို့ရတယ်၊ ကိုယ့်အရိပ် သူများအတွက်ပေးလို့ရ တယ်။

* * *

http://www.dhammadownload.com

# ဓမ္မဂုဏ်ကိုအာရုံပြု၍

* **မဖောက်မပြန်၊ တရားမှန်၊**
  **ကေန်ကျင့်နိုင်သည်၊**

အဲဒီပုဂ္ဂိုလ်မျိုးဟာ လမ်းကြောင်းကောင်းကောင်းတွေ့နေပြီဆိုတော့ မဖောက်မပြန် အမှန်အတိုင်း တိတိကျကျ ဖြည့်ကျင့်ကြိုးစား အားထုတ်နိုင်တယ်။

* **မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ မြတ်နိဗ္ဗာန်၊**
  **ကေန်ရဖို့သေချာသည်၊**

အသဝါနံခယာယလို့ ပြောလိုက်တော့ မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ နိဗ္ဗာန်၊ ပဋိဝေဓ အားလုံးဆိုင်သွားတာပေါ့။

* **တရားစွမ်းအင်၊ စိတ်ကြည်လင်၍၊**
  **အောင်မင်္ဂလာ၊ မြတ်ဆရာ၊**
  **လေးဖြာပြည့်စုံသည်၊**

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးရဲ့ဂုဏ်ကို အဲသလို ထည့်ပြီးတော့ ပူဇော်နိုင်တယ်ပေါ့၊ တရားစွမ်းအင်တွေကြောင့် စိတ်တွေကြည်လင်သန့်ရှင်းပြီးတော့ စွမ်းအားတွေပြည့်ဝတော်မူတဲ့ ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ်ကြီး၏ ပဓာနနာယက ဆရာတော်ဘုရားကြီးသည် တရားစွမ်းအင်လေးမျိုးနဲ့ ပြည့်တော်မူတယ်။

- **ဒို့တစ်တွေလဲ၊ သတိစွဲ၊**
  **အမြဲပြည့်အောင်ကြိုးစားမည်၊**

ဒို့တစ်တွေလဲ နောက်က "မရဏ"ဆိုတဲ့ ဘောင်ခတ်မှုလေးက ရှိနေတော့ အဲဒီဘောင်ခတ်မှုလေးက ကိုယ့်ဟာကိုယ် ကန့်သတ်လို့ မဖြစ်ဖူး၊ သူ့ဟာသူကန့်သတ်ထားတာ။

အဲဒီဘောင်ခတ်တဲ့ "မရဏ"မရောက်ခင် သာသနာနဲ့တွေ့ကြုံ ခိုက်မှာ လုပ်သင့်လုပ်ထိုက်တဲ့ ကိုယ်ပိုင်စွမ်းအားတွေ သိက္ခာသုံးရပ် အကျင့်မြတ် ကိုယ်ပိုင်စွမ်းအားတွေ နေ့စဉ်နေ့စဉ် ခန္တာဝန် ဇာမ်းရင်းနဲ့ ကြိုးစားကြရမှာပေါ့။

ခန္တာကခိုင်းတာကိုသာ ဒရွတ်တိုက်ကြီး ရန်းမနေပဲ ကိုယ်ကလဲ ခန္တာကို ခိုင်းပြီးတော့ စွမ်းအားကို ယူကြရမှာပေါ့။

http://www.dhammadownload.com



- ကောင်းရာကိုရောက်၊ သေချာပေါက်၊
  မကြောက်ရအောင် စိတ်အေးသည်၊

သာသနာလမ်းကြောင်းအတိုင်းသာသွား ဘာမှမကြောက်ရဘူး၊ ဘာမှတွေးပူစရာ မလိုဘူး၊ လမ်းမှန်အတိုင်းသွားရင် ကောင်းရာရောက်ဖို့ သေချာပြီးသား၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရဖို့၊ ရောက်ဖို့ သေချာပြီးသား၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်မရသေးမီမှာလဲ ဘဝတိမ်းမှာကို ဘာမှပူစရာမလိုဘူး၊ ရဲရဲသာအား ထုတ်။

- သီလလည်းရှိ၊ သုတပြည့်ကြွယ်၊
  တကယ်အားထုတ်၊
  အလုပ်ကြိုးစား၊ တရားသိမြင်၊
  ပညာရှင်၊ စွမ်းအင်ကြီးမားသည်၊
- မဖောက်မပြန်၊ တရားမှန်၊
  ကေန်ကျင့်နိုင်သည်၊
- မဂ်ဉာဏ်ဖိုလ်ဉာဏ်၊ မြတ်နိဗ္ဗာန်၊
  ကေန်ရဖို့သေချာသည်၊
- တရားစွမ်းအင်၊ စိတ်ကြည်လင်၍၊
  အောင်မင်္ဂလာ၊ မြတ်ဆရာ၊
  လေးဖြာပြည့်စုံသည်၊

http://www.dhammadownload.com



* ဒို့တစ်တွေလဲ၊ သတိစွဲ၊
အမြဲပြည့်အောင်ကြိုးစားမည်၊
* ကောင်းရာကိုရောက်၊ သေချာပေါက်၊
မကြောက်ရအောင်စိတ်အေးသည်၊

* * *

http://www.dhammadownload.com

# ပရိယတ္တိဆိုတာ
# ဉာဏ်မျက်လုံးတပ်ပေးတာ

ပရိယတ္တိဆိုတာ မျက်လုံးတပ်ပေးတာ၊ ခန္ဓာမှာ ဘာရှိတယ်ဆိုတာကြည့်စမ်း၊ ကိုယ်ဘာလုပ်ရမယ်ဆိုတာကြည့်စမ်း၊ ကိုယ်ဘာရှောင်ရမယ်ဆိုတာကြည့်စမ်း၊ ဟောဟိုဘက်အထိ ဘာရှိတယ်၊ ဘာရှိတယ်ဆိုတာ ကြည့်စမ်း၊ ယခုလို ဘ၀ကောင်းတစ်ခုရပါမယ့်အကြောင်း အတိတ်က ဘယ်လောက် အရင်းအနှီးစိုက်ခဲ့ရတယ်ဆိုတာ မင်းကြည့်စမ်း စသည်ဖြင့် ဉာဏ်မျက်လုံးတပ်ဆင်ပေးတာပါ။

http://www.dhammadownload.com



တရားဆိုတာ ဘုရားကိုမြင်အောင် အသက် သွင်းပေးပါတယ်၊ ဓမ္မပျောက်သွားရင် စေတီကြီး တွေက အကုန် အုတ်ပုံကြီးတွေ ဖြစ်လာကုန်တော့ မှာ၊ ရုပ်ပွားတွေအကုန်လုံး အရုပ်တွေဖြစ်ကုန် တော့မှာ၊ ဘုရားအနေနဲ့ ကိုးကွယ်တက်မှာမဟုတ် တော့ပါဘူး။

ဘုရားကိုမြင်အောင် မကြည့်နိုင်တော့ဘူးဆို ရင် ဘုရားလမ်းညွှန်ချက်ကို ဘယ်တန်ဖိုးထားတော့ မှာလဲ၊ တရားအလုပ်ကို လက်လွှတ်လိုက်တာနဲ့ တပြိုင်နက် မိမိရဲ့ဘဝခရီးဟာ မှောင်ထဲသွားနေရ သလို စမ်းတဝါးဝါးနဲ့ လမ်းတွေမှားပြီးတော့မှ ပူလောင်ရှုပ်ထွေးစွာ၊ အခိပ္ပာယ်ကင်းမဲ့စွာနဲ့ သံသရာ ခရီးမှာ ချာလည်,ချာလည် ဖြစ်မှာပေါ့၊ ဒါကြောင့်

- **တရားမမြင်၊ ဘုရားပင်၊**
  **မမြင်ကွယ်ပျောက်ပါ၊**

တရားဆိုတာ ပဓာနအားဖြင့် ပဋိဝေဓကို ပြောတာမှန်သော်လဲ ပဋိဝေဓဟာ မိုးပေါ်ကကျ လာတာမှမဟုတ်ပဲ၊ ပရိယတ္တိက တက်သွားရတာ၊ ယခုလို ပရိယတ္တိစာသင်တိုက်တွေမှာ သင်ပြပို့ချ သင်ယူနေကြတာဟာ တရားအမြင် မြင်အောင်လို့၊

http://www.dhammadownload.com



တရားမျက်စိပွင့်စေဖို့၊ ရုပ်ပွားဆင်းတုတွေကို အသက်ဂုဏ်သွင်းပေးတဲ့ တရားမျက်လုံးတွေပေါ့၊ စေတီကြီးတွေကို အသက်ဂုဏ်သွင်းပေးတဲ့ ဓမ္မအား တွေပေါ့။

ပရိယတ္တိ ဖျောက်ချလိုက်စမ်းပါလား၊ တကယ့်ကို အုတ်ပုံကြီးတွေဖြစ်ကုန်မှာ၊ ရှေးဟောင်း ပစ္စည်းအနေနဲ့သာ ကြည့်ရတော့မှာပါ။

- **တရားမြင်မှ၊ မြတ်ဗုဒ္ဓ၊ မုချမြင်နိုင်ပါ၊**

တရားမျက်လုံးလေးတပ်ပေးမှ ဘုရားကို ဘုရားလို ကိုးကွယ်တတ်မယ်၊ ဘုရားကိုမြင်အောင် ကြည့်တတ်မယ်၊ ဘုရားကို ဘုရားလို ဆည်းကပ် တတ်မယ်၊ ဘုရားလို လှူဒါန်းတတ်မယ်။

- **ဘုရားမမြင်၊ တရားပင်၊**
  **မမြင်ကွယ်ပျောက်ပါ၊**

ဘုရားမမြင်ရင် တရားလဲပျောက်သွားပြီ၊ ဘုရားကို ဉာဏ်နဲ့မြင်အောင် မကြည့်တတ်ရင် ဘုရားလမ်းညွှန်တဲ့ တရားဘယ်တန်ဖိုးထားတော့ မလဲ၊ မြင်အောင်လဲမကြည့်တော့ဘူး၊ ကျင့်လဲမကျင့် တော့ဘူး။

http://www.dhammadownload.com



* ဘုရားမြင်မှ၊ မြတ်ဓမ္မ၊ မုချမြင်နိုင်ပါ၊

ဘုရားမြင်မှ တရားကိုမြင်မယ်၊ မြင်အောင်လဲ ကျင့်မယ်။

* * *

http://www.dhammadownload.com

# အသိစိတ်နဲ့တရား ထိတွေ့ခွင့်မရသေးရင်

• ဘုရားမမေ့၊ တရားမမွေ့၊ ကြုံတွေ့သာသနာ၊ သာသနာနဲ့တွေ့တယ်ဆိုတာ ဘုရားကိုလဲ မမေ့မှ၊ တရားအပေါ်လဲ မွေ့လျော်မှ၊ အသိစိတ်ကလေးနဲ့ တရားဟာ အဆက်မပြတ် ထိတွေ့ခွင့်ရနေမှ သာသနာနဲ့တွေ့တယ်ခေါ်တာ။

ဘုရားကျောင်းကန်တွေကြားမှာ နေပေမယ့် တရားနဲ့အသိစိတ် မထိတွေ့သေးရင် သာသနာနဲ့ တွေ့တယ် မခေါ်သေးဘူး၊ သာသနာ့အဆောက်အအုံတွေကြားထဲ နေတာပဲရှိသေးတယ်။

သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ပိဋကတ်သုံးပုံ စာအုပ်ပုံကြီးတွေကြားထဲ ဝင်ထိုင်နေပေမယ့်လဲ သူတော့ သာသနာနဲ့တွေ့ပြီလို့ မပြောနိုင်သေးဘူး၊ အသိစိတ်နဲ့တရား ထိတွေ့ခွင့်မရသေးရင် သာသနာ့သုံးအဆောင်တွေကြားထဲ ဝင်ထိုင်နေတာပါပဲ၊ သာသနာနဲ့ တကယ်မတွေ့သေးဘူး။

http://www.dhammadownload.com



သာသနာနဲ့တွေ့ဖို့ဆိုတာက အသိစိတ်နဲ့ တရား ထိတွေ့ဖို့လိုလာတယ်၊ ထိတွေ့ဖို့ဆိုတာကလဲ သာသနာ့မျက်လုံး အရေးတကြီး လိုအပ်ပါတယ်။

* ဘုရားမဓမ္မေ၊ တရားမွေ့၊ ကြုံတွေ့သာသနာ၊

ဒါကြောင့် တရားနဲ့တွေ့ခွင့်ရအောင်၊ စွမ်းအားတွေရအောင် လမ်းညွှန်သွားတော်မူတဲ့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်အပေါင်းကို အာရုံပြုပြီးတော့ လေးလေးနက်နက် ဓမ္မနဲ့ပူဇော်ကြတာပါ။

* တရားမမြင်၊ ဘုရားပင်၊
  မမြင်ကွယ်ပျောက်ပါ၊
* တရားမြင်မှ၊ မြတ်ဗုဒ္ဓ၊ မုချမြင်နိုင်ပါ၊
* ဘုရားမမြင်၊ တရားပင်၊
  မမြင်ကွယ်ပျောက်ပါ၊
* ဘုရားမြင်မှ၊ မြတ်ဓမ္မ၊ မုချမြင်နိုင်ပါ၊
* ဘုရားမဓမ္မေ၊ တရားမွေ့၊ ကြုံတွေ့သာသနာ၊
* ကောင်းရာကိုရောက်၊ သေချာပေါက်၊
  မကြောက်ရအောင်စိတ်အေးပါ၊

ဒါကြောင့် သာသနာဟာ မကြောက်ရအောင် စိတ်အေးရမယ့် အင်အားတွေကိုပြတဲ့သာသနာ၊

http://www.dhammadownload.com



ဗဟုသုတရှိပြီဆိုရင် သွားနည်း လာနည်း၊ ကျင့်နည်း ကြံနည်း၊ အားထုတ်နည်းသိပြီ၊ လေ့လာနာကြား ခွင့်ရပြီဆိုရင် ကျင့်နည်း၊ ကြံနည်း၊ အားထုတ်နည်း သိပြီ။

သိပြီဆိုရင် သီလ၊ သမာဓိ၊ ပညာဆိုတာ အသိစိတ်နဲ့တရား ထိတွေ့ခွင့်ရသွားအောင် လက်တွေ့ဖြည့်ကျင့် ကြိုးစားအားထုတ်မှာပါပဲ၊ အားထုတ်ရင် အားထုတ်သလောက် စွမ်းအားပေါ်တာ ပါပဲ။

* * *

## တရားနဲ့ကျေးဇူးဆပ်တာအမြတ်ဆုံး

ရှေးတုန်းက နာမည်အလွန်ကြီးတဲ့ ဆရာတော်ကြီးတစ်ပါးရှိတယ်၊ ဘွဲ့အမည်က မဟာသီဝ မထေရ်တဲ့၊ ယခုလို သီတင်းကျွတ် လပြည့်နေ့ ရောက်ပြီဆိုရင် ဆရာတော်ဘုရားကြီးကို အမှတ်ရ စရာဖြစ်လာတယ်။

မဟာသီဝဆရာတော်ဘုရားကြီးဟာ ရဟန်း ပရိသတ် ထောင်ပေါင်းများစွာကို စာပေပို့ချပြီးတော့

http://www.dhammadownload.com



လမ်းညွှန်ကြီးစား အားထုတ်တဲ့ သာသနာ့ရှေ့ဆောင် ဆရာတော်ဘုရားကြီးပါ၊ ပရိယတ္တိဝိသာရဒ ဂုဏ်နဲ့ ပြည့်စုံတော်မူတဲ့ စာပေကျမ်းဂန် တစ်ဖက်ကမ်းခတ်တတ်ကျွမ်းတော်မူတဲ့ ဆရာတော်ဘုရားကြီးပါ။

ဆရာတော်ဘုရားကြီးထံမှာ ပရိယတ္တိစာပေတွေ လေ့လာသင်ယူလို့၊ ဗဟုသုတလမ်းကြောင်းအတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်လို့၊ သီလ, သမာဓိ, ပညာ အကျင့်သိက္ခာ, မဂ္ဂင်လမ်းကြောင်းအတိုင်း ကျင့်ကြံကြိုးစားအားထုတ်လို့၊ ပဋိဝေဓအဆင့်ရောက်သွားတဲ့ တပည့်တွေ ရဟန္တာချည်းသက်သက်ကို သုံးသောင်းရှိသတဲ့၊ ဒီပြင် သောတာပန်၊ သကဒါဂမ်၊ အနာဂမ်တွေမပါသေးဘူးတဲ့၊ ဒီပြင် ပရိယတ္တိကျွမ်းကျင်တဲ့ ပရိယတ္တိဝန်ဆောင် ပရိယတ္တိဝိသာရဒ ပုဂ္ဂိုလ်တပည့်တွေလဲ အများကြီးပဲ။

တပည့်တွေက ရဟန္တာဖြစ်လိုက်တာ သုံးသောင်းတောင်ရှိပေမယ့် ဆရာတော်ဘုရားကြီးက ပုထုဇဉ်ပဲရှိသေးတယ်၊ ပုထုဇဉ်ဘဝနဲ့ စာပေတွေပို့ချလို့၊ ဒီလိုပဲ အထိုက်အလျောက်တော့ အားထုတ်တယ်၊ နှလုံးသွင်းတယ်ပေါ့လေ။

http://www.dhammadownload.com



အဲသလိုနေလိုက်တာ ဆရာတော်ဘုရားကြီးရဲ့ တပည့်တစ်ပါး အဘိညာဉ်ရတဲ့ တပည့်တစ်ပါးက ဆရာတော်ဘုရားကြီး ဘယ်အခြေအနေရောက်ပြီလဲလို့ ကြည့်လိုက်တော့

"ဟယ်...ပုထုဇဉ်ပဲရှိသေးတယ်၊ ဆရာတော်ဘုရားကြီးဟာ ဒို့တပည့်တွေအတွက်တော့ ကျေးဇူးများလိုက်တာ၊ ဒို့ရဲ့အရိပ်ခိုလှုံရာ ဖြစ်တော်မူတယ်၊ အများအတွက် အရိပ်ခိုရာဖြစ်တော်မူတယ်၊ ကိုယ့် အတွက်ကျတော့ ပုထုဇဉ်ဘဝပဲရှိသေးတယ်၊ ငါ တရားနဲ့ ကျေးဇူးဆပ်မှဖြစ်မယ်"

ကျေးဇူးဆပ်တဲ့အခါ တရားနဲ့ကျေးဇူးဆပ်တာ အမြတ်ဆုံး၊ အဲဒါနဲ့ ကောင်းကင်ခရီးက ကြွလာ၊ ဆရာတော်ဘုရားကြီး သီတင်းသုံးတဲ့ ကျောင်းတိုက်ထဲရောက်၊ ပရိယာယ်တစ်မျိုးနဲ့ ဆရာတော်ဘုရားကြီးနား သွားလျှောက်တယ်။

* * *

## သေချိန်လေးကောရှိသေးရဲ့လား

"ဆရာတော်ဘုရား ဘုရားတပည့်တော် သိချင်တဲ့ တရားလေး မေးမြန်းလျှောက်ထား သင်ယူ

http://www.dhammadownload.com



ချင်လို့ လာခဲ့ကြောင်းပါဘုရား၊ အချိန်လေးများ ပေးနိုင်ရင်တော့ မေးမြန်းလျှောက်ထား သင်ယူချင် ကြောင်းပါဘုရား"

"အေး–မောင်ပဥ္စင်း မင်းကိုသင်ပြပေးဖို့ မင်းမေးတာဖြေဖို့ ငါ့မှာ အချိန်မပေးနိုင်ဘူးကွယ်"

"ဒီအချိန်လေးကောဘုရား"

"ဒီအချိန်လေးလဲ ဘယ်ကိစ္စရှိတယ်ကွယ့်"

"ဟိုအချိန်လေးကောဘုရား"

"ဟိုအချိန်လဲ မအားဘူးကွယ့်"

ဘယ်အချိန်မှ အားလပ်ချိန်ရယ်လို့ တစ်ခုမှ မရှိဘူး၊ သာသနာ့ကိစ္စ ဆောင်ရွက်နေရတာကိုသာ အကြောင်းပြပြီး ဘယ်အချိန်မအားဘူးနဲ့ အဲသလို ဖြေတယ်၊ အဲသလိုနဲ့ အချိန်ကို လုံးဝမပေးနိုင်တော့ တပည့်က

"ဆရာတော်ဘုရား သေချိန်လေးကော ရှိ သေးရဲ့လားဘုရား၊ ကိုယ့်အတွက် အားထုတ်ရမယ့် အချိန်ကလေးကော ဘယ်အချိန်ထားသလဲဘုရား၊ ဆရာတော်ဘုရားဟာ အများရဲ့ အရိပ်ခိုရာသာ ဖြစ်၍ ကိုယ့်အတွက် အရိပ်လိုပါသေးတယ်ဘုရား"

http://www.dhammadownload.com



အဲသလိုပြောပြီး ကောင်းကင်က လွှားကနဲပျံသွားတယ်၊ ပျံ သွားတော့ မဟာသိဝမထေရ်ကြီးက

"ဪ...မောင်ပဋ္ဌင်းက လက်စသပ်တော့ စာသင်ဖို့မေးချင်လို့ မေးဖို့လာတာမဟုတ်ဘူး၊ ငါ့ကို တရားအလုပ် အားထုတ်ဖြစ်အောင်လာပြီး ချိတ်နဲ့လာဆွဲတာပဲ၊ အေး...ဒီလိုဆိုရင်တော့ ငါ့တပည့်တွေဟာ ပဋိဝေဓအရသာတွေခံစားပြီး စွမ်းအားတွေရအောင်ယူလို့၊ ငါကတော့ ဒီအတိုင်းပဲကျန်နေခဲ့မယ်ဆိုရင် ဘယ်တော်ပါ့မလဲ၊ ငါ့တပည့်တွေဟာ ရဟန္တာတွေအများကြီး၊ အရိယာတွေအများကြီး၊ ပရိယတ္တိသာသနာအတွက်အားထားရာဖြစ်လောက်အောင် စွမ်းအားပြည့်တဲ့တပည့်တွေ အများကြီး၊ ငါ့တပည့်တွေတောင် အားထုတ်လို့ ဖြစ်မြောက်သေးရင် ငါလဲ အားထုတ်ရင်ဖြစ်ရမှာပါ၊ ငါက သင်ပြပို့ချပေးတဲ့ဆရာဆိုတော့ တကယ်အားထုတ်ရင် သုံးရက်ပေါ့"

ဆရာတော်ကြီးဟာ သူ့ရဲ့ ပဋိဝေဓပေန်းတိုင်ကိုယူဖို့ ကိုယ့်ဟာကိုယ် ကန့်သတ်လိုက်ပါတယ်။

"သုံးရက်နဲ့ ပဋိဝေဓပေန်းတိုင်ကို အရယူမယ်၊ ငါဟာ ဗဟုသုတ ဂုဏ်လဲရှိတယ်၊ သီလဝန္တ

F.10A

http://www.dhammadownload.com



ဂုဏ်လဲရှိတယ်၊ ငါဟာ အားထုတ်တန်သင့် သလောက် အားထုတ်လို့ လုံ့လဝီရိယစွမ်းအား ထုတ်နေသူလဲဖြစ်တယ်၊ ပညာအလင်းရောင်လဲရ အောင် ငါ စဉ်းစားဆင်ခြင် နှလုံးသွင်းနိုင်တယ်၊ သူများတွေကိုတောင် ငါလမ်းညွှန်ပေးနိုင်လောက် အောင်အသိတရားရှိတယ်၊ ငါ တကယ်အားထုတ် ရင် သုံးရက်ပေါ့"

တစ်နှစ်သော ဝါဆိုလဆန်း(၁၃)ရက်နေ့မှာ စာချအလုပ်ကို ခေတ္တရပ်နား၊ ပရိသတ်ကို မျက်နှာ လွှဲပြီးတော့ ကျောင်းထဲကထွက်ခွာ၊ ဆိတ်ငြိမ်တဲ့ တစ်နေရာသွားပြီး တရားအလုပ် အားထုတ်တော် မူတယ်။

* * *

F.108

http://www.dhammadownload.com

# သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း ငိုလိုက်ရတာ

သုံးရက်ပဲလို့ပိုင်းပြီးတော့ အားထုတ်တယ်၊ ဝါဆိုလဆန်း (၁၃)ရက်နေ့လဲ ဘာမှမဖြစ်ဖူး၊ ဘာမှမပေါ်ဘူး၊ (၁၄)ရက်နေ့ရောက်လဲ ဘာမှပေါ် မလာဘူး။ ဝါဆိုလပြည့်နေ့ရောက်လဲ ဘာမှပေါ် မလာဘူး။

"အင်း...ငါအားထုတ်တာ သုံးရက်တော့ရှိ သွားပြီ၊ နက်ဖြန်ဆိုရင် ဝါဆိုရတော့မယ်၊ ငါက တရားပန်းတိုင်မရောက်ပဲနဲ့ ကျောင်းပြန်လို့ ဘယ် တော်ပါ့မလဲ၊ ကဲ- သုံးရက်နဲ့မရလဲ သုံးလပေါ့လေ"

ခပ်ကြိတ်ကြိတ်လေး လျှော့လိုက်တယ်။

http://www.dhammadownload.com



"သီတင်းကျွတ်လပြည့်နေ့ရောက်ရင် ငါ ရဟန္တာဖြစ်ရမယ်၊ သီတင်းကျွတ်လပြည့်နေ့ရောက်ရင် ဝိသုဒ္ဓိပဝါရဏာ စင်ကြယ်တဲ့ ရဟန္တာအဖြစ်နဲ့ ငါ ပဝါရဏာပြုမယ်"

သုံးရက်ကနေ သုံးလလျှော့လိုက်တယ်။

"ငါ လျောင်းလဲမလျောင်းတော့ဘူး၊ ခြေထောက်လဲမဆေးတော့ဘူး" ဆိုပြီးမှ အစွမ်းကုန် လုံ့လဝီရိယကိုတင်းပြီးမှ ကြိုးစားတယ်၊ သီတင်းကျွတ်လပြည့်နေ့ရောက်လာတယ်၊ ဘာမှမဖြစ်သေးဘူး။

"ငါဆုံးဖြတ်သလိုမဖြစ်ဖူး၊ ငါဖြစ်ချင်တဲ့အချိန်မှာ ငါမဖြစ်ဖူး၊ ဒီနေ့ဆို သီတင်းသုံးဖော်တွေ ရဟန္တာဖြစ်လို့ ဝိသုဒ္ဓိပဝါရဏာအနေနဲ့ ပဝါရဏာပြုကြလိမ့်မယ်၊ ငါ့မှာဖြင့် ပုထုဇဉ်အဆင့်ပဲ ရှိသေးတယ်" ...ဆိုပြီး ဝမ်းနည်းလွန်းလို့ ငိုလိုက်သတဲ့။

"အို...ဒီနှစ်မဖြစ်လဲ နောက်နှစ်ပေါ့"

ခပ်ကြကြ နှစ်နဲ့ချီပြီး ရွှေ့လိုက်ပြန်တယ်၊ နောက်နှစ် ဆက်အားထုတ်၊ နောက်နှစ် သီတင်းကျွတ်လပြည့်နေ့ရောက်လာ၊ ဘာမှမဖြစ်ဖူး။

http://www.dhammadownload.com



(၂၉)နှစ်ကြာသွားတယ်၊ ဘာမှမဖြစ်ဖူး၊ သိတင်းကျွတ်လပြည့်နေ့ ရောက်တိုင်း ငိုလိုက်ရတာ မပြောနဲ့တော့၊ ဝမ်းနည်းလို့။

တရားမရလို့ ဝမ်းနည်းရတာ ကောင်းသော ဝမ်းနည်းခြင်းပါ၊ အဲဒါနဲ့ နှစ်ပေါင်း (၃၀)မြောက် သိတင်းကျွတ်လပြည့်နေ့မနက် ရောက်လာတယ်။

"အင်း...ငါထွက်ခဲ့တုန်းကတော့ သုံးရက်နဲ့ အပြတ်ရှင်းမယ်လို့ထွက်ခဲ့တာ၊ သုံးရက်နဲ့လဲ ဘာမှ မဖြစ်ဘူး၊ သုံးလနဲ့လဲ ဘာမှမဖြစ်ခဲ့ဘူး၊ သုံးနှစ်နဲ့လဲ ဘာမှမဖြစ်ခဲ့ဘူး၊ ယခု နှစ်ပေါင်းသုံးဆယ်ပြည့် တော့လဲ ငါ ဘာမှမဖြစ်သေးဘူး"...ဆိုပြီး သိတင်း ကျွတ်လပြည့်နေ့ မနက်ပိုင်းရောက်တော့ ဝမ်းနည်း တဲ့စိတ်တွေ ပေါ်လာလို့ ငိုပြန်တယ်။

"ဒီနေ့ဆိုရင် ငါရဲ့ သိတင်းသုံးဖော်တွေဟာ ရဟန္တာဘဝနဲ့ ဝိသုဒ္ဓိပဝါရဏာ ပြုတော်မူကြလိမ့် မယ်၊ ငါ့မှာဖြင့် ပုထုဇဉ်အစိမ်းကြီးပဲ ရှိသေး တယ်"...လို့ တွေးမိပြီး ဝမ်းနည်းလို့ငိုတယ်။

"ငါဟာ ဒီဘဝမှာ မဂ်ဖိုလ်ရထိုက်တဲ့ပုဂ္ဂိုလ် ဟုတ်ပုံမပေါ်တော့ပါဘူးလေ၊ ငါ မဂ်ဖိုလ်မရထိုက် တော့ပါဘူး"

http://www.dhammadownload.com



ကိုယ့်ဟာကိုယ် လျှော့ချင်တဲ့စိတ်တွေပေါ်၊ ဝမ်းနည်းတဲ့စိတ်တွေပေါ်၊ မျက်ရည်ကျ၊ နှစ်ပေါင်း (၃၀)ကြာသည်အထိ သိတင်းကျွတ်လပြည့်နေ့ ရောက်တိုင်း အမြဲတမ်းမျက်ရည်ကျ ငိုကြွေးခဲ့ရ တယ်။

* * *

http://www.dhammadownload.com

# ငိုလို့သာမင်္ဂလာဖိုလ်ရမယ်ဆိုရင်

ဆရာတော်ဘုရားကြီး ငိုကြွေးတာကို တစ်နေ့ရာက သတိပေးတဲ့အနေနဲ့ နတ်သမီးက အသံ ဘွက်ပြီးငိုတယ်၊ ငိုသံကြားတော့ ဆရာတော်ကြီးက

"ဟဲ့- ဒီနားလာငိုတာ ဘယ်သူတုန်း"

"တပည့်တော်မ နတ်သမီးပါဘုရား"

"ဘာကိစ္စငိုရတာတုန်း"

"ငိုလို့သာ မင်္ဂလာဖိုလ်ရမယ်ဆိုရင် တပည့်တော်မ တစ်မင်္ဂလာတစ်ဖိုလ် ရစမ်းချင်လို့ပါဘုရား၊ ငိုလို့သာ မင်္ဂလာဖိုလ်ရမယ်ဆိုရင် တပည့်တော်မလဲ နှစ်မင်္ဂလာနှစ်ဖိုလ်လောက် ရစမ်းချင်လှပါတယ်ဘုရား၊ ဒါကြောင့် ငိုများငိုရင် မင်္ဂလာဖိုလ်ရမလား၊ နိဗ္ဗာန်ရမလားလို့ အောက်မေ့ပြီး တပည့်တော်မ ငိုတာပါဘုရား"...ဆိုတော့ ဆရာတော်ဘုရားကြီးက

http://www.dhammadownload.com



ပညာရှိကြီးလေ၊ ဒီလောက်လေးပြောလိုက်ရင် ပြတ်ပြတ်သားသား နားလည်သွားပြီ။

"ဟော့–သိဝကြီး၊ နတ်သမီးကတောင် ပြက်ရယ်ပြုနေပြီကွ၊ မင်းငိုခဲ့တာ ဘယ်လောက်ကြာပြီတုန်း၊ အေး– ဒီအတိုင်းသာသွားနေရင်တော့ တစ်သက်လုံးအားထုတ်လဲ မျှောနေဦးမှာပဲ၊ ငါ့မှာ အခြေခံရှိပြီးသား၊ တကယ်တမ်း ရှေ့နဲ့နောက်စပ်အောင် တင်းပြီး အားမထုတ်လို့သာ ငါ ရလဒ်မပေါ်တာပဲ၊ တကယ်အားထုတ်ဖြစ်ရမှာပေါ့"... လို့ ခုနက အာရဒ္ဓဝီရိယောဟောတိဆိုတဲ့ ဒေသနာလမ်းစဉ်လေးဖြင့် ဝီရိယနဲ့အားထုတ်တဲ့အခါမှာ သတိနဲ့ စပ်ပေးလိုက်တယ်။

* * *

http://www.dhammadownload.com



# သတိပါမှ
# ဝီရိယကသမာဓိဖော်ထုတ်နိုင်တယ်

သတိဆိုတာ အာရုံကို ပုံဖော်ပေးရခြင်း၊ အာရုံနဲ့စိတ် ကပ်ပေးရခြင်း၊ အလုပ်လုပ်နေစဉ်မှာ အာရုံမပျောက်အောင် ထိန်းထားရခြင်း၊ ဒီအာရုံ ယူနေစဉ်မှာ မဆိုင်တဲ့အာရုံ ကြားဖြတ်ဝင်မလာအောင် ကာကွယ်စောင့်ရှောက်ပေးရခြင်း၊ အာရုံတစ်ခုယူနေစဉ်မှာ ရှေ့အသိနဲ့ နောက်အသိ ဆက်စပ်ပေးရခြင်း အဲဒါကို သတိလို့ခေါ်တယ်။

ဒီသတိပါမှ ဝီရိယက သမာဓိဖော်ထုတ်ပေးနိုင်မှာ၊ သမာဓိပေါ်လာမှ ပညာဆိုတာ ပေါ်လာမှာပေါ့။

http://www.dhammadownload.com



အဲဒါနဲ့ သတိနဲ့ဝီရိယ အမြဲဆက်စပ်ပြီးတော့ သတိလုံးဝအလွှတ်မခံပဲ ရှေ့နဲ့နောက်ဆက်စပ်ပြီး အားထုတ်လိုက်တာ အားထုတ်မယ့် အားထုတ်တော့လဲ ဘာကြာလို့လဲ၊ ရဟန္တာဖြစ်သွားတယ်၊ သီတင်းကျွတ်လပြည့်နေ့မှာ ရဟန္တာဖြစ်သွားတော်မူတယ်။

တပည့်ရဲ့ ဓမ္မနဲ့ကျေးဇူးဆပ်မှုကြောင့် ချက်ချင်းသတိရပြီး တရားအားထုတ်တာ သုံးရက်လို့ထွက်ခဲ့တာ နှစ်ပေါင်းသုံးဆယ်၊ နောက်မဆုတ်ပဲကြိုးစားတာကို ချီးကျူးဖို့သိပ်ကောင်းတယ်။

ကောင်းရာကိုရောက် သေချာပေါက်ဆိုတဲ့အတိုင်း သုဂတိဆိုတဲ့ ကောင်းရာကိုရောက်ရုံမျှမဟုတ်ပဲ ဘဝသံသရာလမ်းဆုံးဖြစ်တဲ့ နိဗ္ဗာန်အထိရောက်တော့မှာပေါ့၊ ရဟန္တာဖြစ်သွားပြီ၊ ခန္ဓပရိနိဗ္ဗာန် စံပြီးတဲ့အခါမှာ တကယ့် အသခ်တဓာတ်နိဗ္ဗာန်မြတ်ဆိုတာ ရတော့မှာပေါ့။

* * *

http://www.dhammadownload.com



# တကယ်လက်တွေ့အားထုတ်ရင်

ဒါကြောင့် သုတရှိရင် တကယ်လက်တွေ့အားထုတ်ရင် ကောင်းရာကိုရောက် သေချာပေါက်ပဲ၊ ဘုရားလက်ထက်ကလဲ အိမ်ထဲမှာနေရင်းနဲ့ ကျင့်ကြံကြိုးကုတ် အားထုတ်လို့ မဂ်ဖိုလ်ရသွားသူတွေ ရှိပါတယ်။

အိမ်ထဲမှာနေရင်းနဲ့ ကောင်းရာကိုရောက် သေချာပေါက်လမ်းစဉ် တရားတွေနာကြားကြရ၊ သုတရှိကြတော့ အိမ်ထဲမှာနေရင်း ကုသိုလ်လုပ်နည်း၊ ခန္ဓာအသုံးချနည်းတွေကို လေ့လာတယ် လက်ထဲမှာကိုင်ထားတာ ကုသိုလ်ထုပ်ပဲလို့ အသိစိတ်ကလေးနဲ့ ကြိုးစားကြတယ်။

http://www.dhammadownload.com



အိမ်ထဲမှာနေရင်းနဲ့ မိသားစုတာဝန်ထမ်းရတာကို အလှူပွဲကြီးတွေလို့ သဘောထားတယ်၊ သာသနာနဲ့တွေ့သူဟာ ဘယ်ဝန်ထုပ်မှ လေးလံရှုပ်ထွေးစွာ မထမ်းဘူး၊ ကိုယ့်ကို ဘယ်ဝန်ထုပ်မှ အပိမခံဘူး၊ ကိုယ်ကသာ တရားဝန်ထုပ်နဲ့ ရှင်းရှင်းလေးထမ်းတတ်တယ်။

ဒါကြောင့် ဘိက္ခုဝေ-ပရိသတ်လေးပါး၊ ချစ်သားချစ်သမီးတို့၊ စတူဟိ-လေးပါးကုန်သော၊ ဣမေဟိဓမ္မေဟိ-အကြောင်းတရား အကောင်းစားတို့နှင့်၊သမန္နာဂတော-ကောင်းစွာလျောက်ပတ်၊ ပြည့်စုံတတ်သော၊ ဘိက္ခု၊ဘေးရန်အစု၊ မြင်အောင်ရှုတတ်၊ သူတော်မြတ်သည်၊ အပဏ္ဏကပဋိပဒံ-မဖောက်မပြန်၊ မှန်ကန်တည့်မတ်၊ အကျင့်မြတ်ကို၊ ပဋိပန္နော-ကောင်းစွာမချွတ်၊ ကျင့်သုံးတတ်သည်၊ ဟောတိ-ကောင်းစွာမသွေ ဖြစ်တတ်ပါပေ၏။

အသဃ-ဘေးရန်အစု၊ မြင်အောင်ရှုတတ်၊ ထိုသူတော်မြတ်သည်၊ အသဝါနံ-အသဝေါလေးတန် ကိုယ်တွင်းရန်တို့၏၊ ခယာယ-ကုန်ရာကုန်ကြောင်းဖြစ်သော၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် အလို့ငှာ၊ ယောနိစ-အကြောင်းတရား အကောင်

http://www.dhammadownload.com



စားကိုလည်း၊ အာရဒ္ဓါ-ကောင်းစွာမပြတ်၊ အား ၁တ်အပ်သည်၊ ဟောတိ-ကောင်းရာကိုရောက် ေ-ေပေါက်ဟု၊ မကြောက်ရအောင်၊ စွမ်းအား ာင်ကာ၊ ကောင်းစွာမသွေ၊ ဖြစ်ရပါပေတော့ သတည်း။

ဒါကြောင့် ကတပုညတံ-ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏အဖြစ်ကို၊ ကတပုညတံ- ေကာင်းရာကိုရောက်၊ သေချာပေါက်ဟု၊ မကြောက် ရကြောင်း၊ တရားကောင်းကို၊ ပဏ္ဍိတာ-ဘုရား အစရှိသော ပညာရှိသူတော် ကောင်းတို့သည်၊ ပသံသန္တိ-ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေ ကုန်သတည်း။

ဤသို့လျှင် ကောင်းရာကိုရောက် သေချာ ပေါက်တရား နာကြားကြရတဲ့ ဓမ္မသဝနာမင်္ဂလာ နဲ့၊ ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့်၊ ဘေးရန်အပူခပ်သိမ်း လွတ်ငြိမ်းကြ၍၊ ကျန်းကျန်း မာမာ၊ ပျော်ပျော်ရွှင်ရွှင်နှင့်၊ သူတော်ကောင်းတရား ဘိုးပွားအောင် ကြိုးစားအားထုတ်နိုင်လွယ်ကြ လျက်၊ ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ နိဗ္ဗာန်ချမ်း သာကို လွယ်ကူသောအကျင့်၊ လျှင်မြန်သော

http://www.dhammadownload.com



အသိဉာဏ်ဖြင့်၊ အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ်၊ ရလွယ်နိုင်ကြပါစေကုန်သတည်း။

ပရိသတ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

* * *

http://www.dhammadownload.com

လူဝတိုင်း လူဝတိုင်းပစ္စည်းကို ကေန်ရှာရမည်
ထို့နည်းတူတရားကိုလည်း ပစ္စည်းနှင့်တွဲရှာပါမှ
လူ့ဘဝတာဝန်ကျေပေမည်။

အသိတရားရှိသူသည် ပစ္စည်းသည်
တန်ခိုး။

အသိတရားမရှိသူအတွက် ပစ္စည်းသည်
အနိုးဖြစ်ကြောင်း ဟောကြားထားသော။

# ပစ္စည်းတန်ခိုး လူတန်ခိုး

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ
(ယော) ဆရာတော်

ရွှေစန္ဒာထွန်းစာပေမှ ထွက်ရှိလာပါသည်။
စာမူခွင့်ပြုချက် - ၆၈၉/၂၀၀၁ (၁၀)

http://www.dhammadownload.com

## ရွှေစဉ္စာတွန်းစာပေတိုက်မှ ထုတ်ဝေပြီးသော (ယော)ဆရာတော်၏တရားဒေသနာများ

(၁) မေတ္တာနှလုံးအလှဆုံး
(၂) အဆင်းအတက်လမ်းနှစ်ဖက်
(၃) အသိမှန်ကန်အဖိုးတန်
(၄) ကုသိုလ်လည်းရ ဝမ်းလည်းဝ
(၅) ဆင်းရဲ၏နောက် ချမ်းသာရောက်
(၆) စိတ်အေးစရာသာသနာ
(၇) အိမ်တွင်းမဂ္ဂင်လူ့ကျင့်စဉ်
(၈) မေတ္တာတရားလူ့စွမ်းအား
(၉) သမုဒ္ဒရာဝမ်းတစ်ထွာ
(၁၀) စိတ်စွမ်းရည်
(၁၁) ဘဝဇာတ်ခုံပုံစံစုံ
(၁၂) ပညာလမ်းပြလူ့အလှ
(၁၃) အပေါင်းလက္ခဏာ
(၁၄) ကိုယ့်ဝန်ကိုယ်ထမ်း လူ့အစွမ်း
(၁၅) အသီးတစ်ရာအညှာတစ်ခု
(၁၆) တရားပြည့်ဝအရိပ်ရ
(၁၇) အဆိုးကိုရှောင်အကျိုးဆောင်
(၁၈) ဘဝတစ်ခေါက်ခဏရောက်
(၁၉) ဩဝါဒပဒေသာ
(၂၀) အချိန်တန်ဖိုးလူ့တန်ခိုး
(၂၁) ယောတရားတော်
(၂၂) မေတ္တာနှလုံး အလှဆုံး (ဒု-ကြိမ်)

http://www.dhammadownload.com

http://www.dhammadownload.com